# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၄၉)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၁၃-၈-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (မဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အစည်းအဝေးကျင်းပ

## ရွေးကောက်ပွဲကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပြီး နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ပေးရမည်

## နိုင်ငံရေးလမ်းကြောင်းဖြောင့်ဖြူးအောင် လုပ်ဆောင်ရမည်

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။


စာမျက်နှာ ၃ သို့




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာခိုင်နှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## ယဉ်ကျေးလိမ္မာ တန်ဖိုးရှိအောင်နေထိုင်ပါ

ယဉ်ကျေးခြင်းသည် ကိုယ်စိတ်နှလုံး၊ အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်းဖြစ်သည်။ လိမ္မာခြင်းဆိုသည်မှာ အမှားအမှန်အကျိုးအပြစ်ဆင်ခြင်ပြီး အမှန်ကို ပြုမူကြံစည်ကာ အကျိုးဖြစ်ထွန်းစေခြင်းဖြစ်သည်။ ထို့ကြောင့် လူသားဂုဏ်ရည်မြင့်မားအောင် ယဉ်ကျေးလိမ္မာခြင်းကို ကျင့်ကြံပျိုးထောင်ပိုင်ဆိုင်သင့်လှသည်။

မိဘဆရာ လူကြီးသူမများ၏ ဆုံးမသွန်သင်မှုသည် မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးလိမ္မာခြင်း အုတ်မြစ်ဖြစ်သည်။ လက်ဦးဆရာဖြစ်သော မိဘများက သားသမီးတို့၏ နေထိုင်စားသောက်မှုနှင့် ယဉ်ကျေးလိမ္မာလာအောင် ညွှန်ပြရမည်ဖြစ်သည်။ မိဘများက နုနယ်သော နှလုံးသားပိုင်ရှင် ကလေးဘဝကပင် ပုံပြင်ဇာတ်တော်များပြောပြကာ ရသခံစားမှုမှတစ်ဆင့် စိတ်နှလုံးယဉ်ကျေးအောင်လည်း သွန်သင်ဆုံးမရမည်ဖြစ်သည်။ မိဘရင်ခွင်မှ ပညာရင်ခွင်သို့ ပို့ဆောင်ရသောအရွယ်တွင် ဆရာတို့က ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမရမည်ဖြစ်သည်။

ထို့ပြင် ယနေ့ခေတ် လူငယ်လူရွယ်များအနေဖြင့် ယဉ်ကျေးလိမ္မာခြင်းနှင့်အတူ လူ့အဖွဲ့အစည်း၏ အကျိုးကို ဆောင်ရွက်ရင်းတက်လှမ်းရမည်ဖြစ်သည်။ တိုးတက်လာသော လူ့အဖွဲ့အစည်းဖြစ်လာသည်နှင့်အမျှ လူသားတိုင်းသည် အများ၏အကျိုးကို ပိုမိုကာ သယ်ပိုးခဲ့ကြသည်။ ထို့ကြောင့် "အများအကျိုးဆောင် ကိုယ့်အကျိုးအောင်"ဟူသော ဆောင်ပုဒ်ပေါ်ထွန်းလာခဲ့သည်။ လူသားတို့သဘာဝ မိမိ၏လုပ်ဆောင်ချက်မှာ အများအတွက် ကောင်းကျိုးလည်းဖြစ်နိုင်သည်၊ ဆိုးကျိုးလည်းဖြစ်နိုင်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိ၏လုပ်ဆောင်ချက်က မိမိ၏တန်ဖိုးကို ဆုံးဖြတ်ပေးလေသည်။ အကျင့်စာရိတ္တကောင်းခြင်း၊ အကျင့်စာရိတ္တမကောင်းခြင်းဆိုသည်မှာလည်း သူတစ်ပါးတို့ကလာ၍ ပေးအပ်ခြင်းမဟုတ်ဘဲ မိမိ၏အပြုအမူကသာ အဓိကဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တည်ရှိသော လူငယ်များအား အများ၏အကျိုးကို သယ်ပိုးဆောင်ရွက်တတ်သော လူငယ်ကောင်းများပေါ်ထွန်းလာစေရန် အစဉ်လေ့ကျင့်ပျိုးထောင်လျက်ရှိကြသည်။ မည်သည့် လူ့အဖွဲ့အစည်းမဆို ကျောင်းနေစဉ်မှစ၍ အများ၏အကျိုးကို ဆောင်ရွက်တတ်သော ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းစေရေးအတွက် ပြုစုလေ့ကျင့် သင်ကြားပေးလျက်ရှိသည်။ ယနေ့ကမ္ဘာတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လျက်ရှိသည်။ ထိုအန္တရာယ်များ ကျရောက်တိုင်း လူသားတို့၏ အများအကျိုးသယ်ပိုးလိုစိတ်သည် ပိုမိုထင်ရှားပေါ်လွင်လာခဲ့သည်။

ထို့ပြင် အများအကျိုးသယ်ပိုးရာတွင်လည်း ယဉ်ကျေးလိမ္မာပါးနပ်စွာဖြင့် နေထိုင်ပြုမူသင့်သည်။ ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးမှာ ကြီးမားလှသည်။ "တစ်ယောက်စကား၊ တစ်ယောက်နားမှာ မခါးရအောင်၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ" ဟူသော ရှင်မဟာရဋ္ဌသာရ၏ ဆိုဆုံးမစကားအတိုင်း ယဉ်ကျေးစွာဆက်ဆံလျှင် လူချစ်လူခင်ပေါ်များပြီး ဆက်သွယ်ဆောင်ရွက်သမျှကိစ္စအဝဝ အောင်မြင်မည်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်အတူ နှုတ်ခွန်း ချိုသာရန်လည်း လိုအပ်မည်ဖြစ်သည်။ နှုတ်ခွန်းချိုသာမှုကို လူတိုင်း နှစ်သက်ကြပြီး သာယာမှုကိုလည်း နှစ်သက်ကြသည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း ယဉ်ကျေးလိမ္မာစွာ နေထိုင်တတ်ခြင်း၊ လူမှုဆက်ဆံရေးနယ်ပယ်တွင် နှုတ်ခွန်းချိုသာစွာ ပြောဆိုခြင်းသည် ဘဝအောင်မြင်ရေး၏ သော့ချက်ဖြစ်သည်။ နှုတ်ချိုသော လူသားတစ်ယောက်သည် သူ၏ယဉ်ကျေးသိမ်မွေ့ပျူငှာမှုကြောင့် ဘဝဇာတ်ခုံပေါ်တွင် ပြုဖွယ်ကိစ္စအဝဝကို ပြီးမြောက်အောင်မြင်မှာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



(အပေါ်ပုံ)

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ ၆၂လမ်း၊ ၃၉ လမ်းနှင့် လမ်း၄၀ကြားနှင့် အမရပူရမြို့နယ်၊ ၆၇လမ်း၊ ညောင်ပင်စောက်ကျေးရွာ ဘောလုံးကွင်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ (ဃ-၅)၊ မြို့သစ်(၅)ရပ်ကွက်၊ ၆၉လမ်းနှင့် ၁၁၁လမ်းထောင့်တို့တွင်လည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတွင်လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်တောင်စုရပ်၊ မယ်ဇယ်တန်းအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## မိုဘိုင်းဖုန်းဖြင့် သတင်းဗီဒီယို ရိုက်ကူးတည်းဖြတ်နည်းသင်တန်း ဖွင့်လှစ်




**မန္တလေး ဩဂုတ် ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ယနေ့နံနက်ပိုင်းက မိုဘိုင်းဖုန်းဖြင့် သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်နည်း သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက မိုဘိုင်းဖုန်းဖြင့် သတင်းဗီဒီယို ရိုက်ကူးတည်းဖြတ်နည်း သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းနည်းပြ ဦးအောင်ဇော်မင်း(ဓာတ်ပုံကျွမ်းကျင်-၂)က မိုဘိုင်းဖုန်းဖြင့် Power Director နှင့် Kine master အသုံးပြု၍ သတင်းဗီဒီယို ပြုလုပ်ပုံ အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြား ပြသသင်ကြားပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် သင်တန်းသားသင်တန်းသူများက လက်တွေ့လုပ်ဆောင်ခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် သင်တန်းနည်းပြတို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းရှစ်ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းတွင်းအာဟာရကျွေးခြင်းလုပ်ငန်းများဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းတွင် ကျင်းပခဲ့သည်။

အာဟာရကျွေးမွေးခြင်းဆောင်ရွက်ရာတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုအေးနှင့် ဆရာ၊ ဆရာမများ၊ အလှူရှင်များပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများအား ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ကျောင်းသား၊ ကျောင်းသူ ၃၈၃ ဦးအား အာဟာရဆန်ပြုတ်များတိုက်ကျွေးခြင်း၊ ကြာဆံချက်၊ ပေါင်မုန့်အုန်းနို့ဆမ်းများကျွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

**စုစုအေး(ကျောက်ဆည်)**



**သင့်သွေးဖြင့် အသက်ကယ်ပါ။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့

☆ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ ထွက်ပေါ်လာသည့် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရေးပင်ဖြစ်

☆ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး မဲစာရင်းများ မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းကိုလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးသန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲ ကျင်းပပြီးစီးချိန်တွင်လွှတ်တော်ခေါ်ယူ၍ထွက်ပေါ်လာသည့် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး မဲစာရင်းများ မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများတွင် ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်းကိုလည်း အတိုင်းအတာ တစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်း ဆောင်ရွက်သကဲ့သို့ မဲဆန္ဒနယ်များအလိုက် အချက်အလက်များ ကောက်ယူခြင်းနှင့် နယ်မြေများ အလိုက် လုံခြုံရေးဆိုင်ရာ အချက်အလက်များ ရယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန် ဖြစ်ကြောင်း၊ လွှတ်တော်မှနေ၍ သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးကြောင်း။

ရွေးကောက်ပွဲဥပဒေတွင် ဆန္ဒမဲပေးသူ မည်သည့်ရာခိုင်နှုန်းရှိမှ ရွေးကောက်ပွဲ အောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိကြောင်း၊ အခြားနိုင်ငံများတွင်လည်း ထိုသို့သတ်မှတ်ထားခြင်း မရှိဟု လေ့လာသိရှိရကြောင်း၊ ၅၀ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲပေးနိုင်မည်ဆိုပါက လူထုအများစု၏ ဆန္ဒပါဝင်သည်ဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ ရွေးကောက်ပွဲ ကျင်းပရာတွင် ၅၀ ရာခိုင်နှုန်း အောက် မဲပေးခဲ့သည့် နိုင်ငံများလည်းရှိသကဲ့သို့ အများစုမှာ ၅၀ ရာခိုင်နှုန်းအထက် ဆန္ဒမဲပေးကြသည်ကိုလေ့လာတွေ့ရှိရကြောင်း။

လွှတ်တော် အစည်းအဝေး အထမြောက်ရန်အတွက် လိုအပ်သည့် ကိုယ်စားလှယ်များရရှိရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၈၅)တွင် ပထမဆုံး လွှတ်တော် အစည်းအဝေးကျင်းပရာ၌ လွှတ်တော်တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေး အထမြောက်မည်ဟု ဖော်ပြပါရှိကြောင်း၊ အထမမြောက်ပါက ဒုတိယအကြိမ် အစည်းအဝေး၌ လွှတ်တော် တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်များအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်ပါက ဒုတိယအကြိမ် အစည်းအဝေး အထမြောက်သည်ဟု ဖော်ပြပါရှိကြောင်း၊ ထို့ကြောင့် လွှတ်တော် အစည်းအဝေး ကျင်းပချိန်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်ရေး မိမိတို့အနေဖြင့် ရွေးကောက်ပွဲ ဆောင်ရွက်နိုင်သည့် မြို့နယ်များအားလုံး၌ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် မဲဆန္ဒရှင်များလည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲများ ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဘေးအန္တရာယ် ကင်းရှင်းသည့်နေရာတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူများ အားလုံး မဲပေးခွင့်များမဆုံးရှုံးအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ရွေးကောက်ပွဲ ကျင်းပချိန်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကိုလည်း မဲစည်းရုံးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပါတီရုံးဖွင့်ခွင့်များရရှိရေး၊ ပါတီဝင်ခွင့်ရှိသူများ ပါတီဝင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်လိုသကဲ့သို့ ပါတီနှစ်ပါတီ၊ သုံးပါတီထပ်၍ ပါတီဝင်များ ဖောင်းပွမှုမရှိစေရေး အတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စိစစ်ကြပ်မတ်သွားရန်လိုကြောင်း။

လွှတ်တော် ကိုယ်စားလှယ်လောင်းအရည်အချင်းသတ်မှတ်ချက်များနှင့် ပတ်သက်၍လည်း စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုယ်စားလှယ်လောင်းများ အနေဖြင့် မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ချိန်တွင် ၎င်းတို့၏ လုံခြုံရေးအတွက် မိမိတို့အနေဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သက်ဆိုင်ရာမြို့နယ်များ အလိုက် ဆန္ဒမဲပေးနိုင်ရေး လုံခြုံရေးအရ အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ ဖြစ်မြောက်မှု မရှိစေရေး ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်မှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင် လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် အပေါ် ထောက်ခံအားပေးသည့်၊ အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲ အပေါ် စောဒကတက်သည့်နိုင်ငံများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှု ကင်းရှင်းသည့် ရွေးကောက်ပွဲ ဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲမသမာမှု မရှိစေရေးအတွက်လည်း မြန်မာအီလက်ထရောနစ် မဲပေးစက်များကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားခြင်း ဖြစ်ပြီး မည်ကဲ့သို့သော မသမာမှုမျိုးမျှ ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့် ကာကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့အား ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်နေမှုများနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကာလတွင် ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် ထိရောက်သည့် ဟန့်တားကာကွယ်မှုများ ဆောင်ရွက်သွားရန်လိုအပ်မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်ကျူးလွန်သူများကိုလည်း ဝိုင်းဝန်းပူးပေါင်း ဖော်ထုတ်ရမည်ဖြစ်ပြီး တရားစီရင်ရေး ကဏ္ဍအနေဖြင့်လည်း အမြန်ဆုံး တရားစီရင်နိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ သာမန်အမှုအခင်းမျိုးမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ၏ လုံခြုံရေးကို ထိခိုက်စေမည့် ကျူးလွန်မှုဖြစ်သဖြင့် ထိရောက်သည့် တရားစီရင်မှုများဖြင့် အမြန်ဆုံး တရားစီရင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှုနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ စာရင်းများအရ တစ်နိုင်ငံလုံးတွင် လက်ရှိကျောင်းတက်ရောက်နေသူဦးရေ ၇ သန်းကျော်ခန့်ရှိသည်ဟု သိရှိရကြောင်း၊ ယခင်နှစ်က ဖွင့်လှစ်သင်ကြားခဲ့သည့် စာသင်ကျောင်းများအနက် ယခုနှစ်တွင် မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိသကဲ့သို့ ယခင်နှစ်တွင် ဖွင့်လှစ်နိုင်မှုမရှိခဲ့သည့် ကျောင်းများအနေဖြင့် ယခုနှစ်တွင် ဖွင့်လှစ်နိုင်သည်များလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိဖွင့်လှစ်သင်ကြားနေသည့် ကျောင်းများအား သဘာဝဘေးအန္တရာယ်ကြောင့် မဖြစ်မနေပိတ်ရသည်မှအပ ကျောင်းပိတ်ရခြင်းများမရှိစေရေး အလေးထားအားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဟူသည့်အတိုင်း ပညာရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ၂၀၂၅-၂၀၂၆ ခုနှစ် စာရင်းဇယားများကို ကြည့်ရှုခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနေဖြင့် ကျောင်းတက်ရောက်သူဦးရေမပြည့်မီခြင်း၊ တန်းစဉ်ကူးပြောင်းမှု အားနည်းခြင်းများကို တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ပညာရေးအားနည်းလာမှုအပေါ် သုတေသနပြုလုပ်အဖြေရှာသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့်လည်း ပညာရေးအားကောင်းလာစေရန် အထူးအလေးပေး ဆောင်ရွက်သွားရန် လိုအပ်မည်ဟု ပြောကြားလိုကြောင်း။

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ လတ်တလော ကာလအတွင်း နယ်စပ်ဒေသများတွင် တရားမဝင် ကုန်သွယ်မှုများ ဖမ်းဆီးရမိမှုများရှိကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုများ ကိုလည်း လျော့ကျလာစေနိုင်မည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသများရှိ လက်နက်ကိုင် အကြမ်းဖက်သမားများအနေဖြင့် တရားမဝင် ကုန်သွယ်မှုများမှ ကောက်ခံရရှိနေသည့် ဆက်ကြေးများဖြင့် ၎င်းတို့အင်အားကို ပိုမိုတည်ဆောက်လာမည်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တရားမဝင် ကုန်သွယ်မှုများကို ထိထိရောက်ရောက် တိုက်ဖျက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု ဆောင်ရွက်နေမှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများ အနေဖြင့်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါကလည်း တရားမဝင် ကုန်သွယ်မှုလမ်းကြောင်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးပျက်ခဲ့ရသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ရှိ အဖိုးတန်သယံဇာတများကို မှောင်ခိုလမ်းကြောင်းများမှ ခိုးထုတ်ပြီး တရားမဝင်ကုန်စည်များကို ခိုးသွင်းခြင်းများ ဆောင်ရွက်ခဲ့ကြသဖြင့် စီးပွားရေး အားကောင်းလာမှုမရှိခြင်းဖြစ်ကြောင်း၊ **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်မှု ရှိမှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း အစဉ်အားကောင်းနေနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်များ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အပိုင်းလိုက်ကျင်းပနိုင်မည့် အခြေအနေသုံးသပ်ချက်၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ဖြန့်ခွဲအသုံးပြုနိုင်မှု၊ လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

- ☆ **လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်ရေး မိမိတို့အနေဖြင့် ရွေးကောက်ပွဲဆောင်ရွက်နိုင်သည့် မြို့နယ်များအားလုံး၌ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိ**
- ☆ **မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် မဲဆန္ဒရှင်များလည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲများပေးအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးခွင့်များ မဆုံးရှုံးအောင် ဆောင်ရွက်ပေးသွားမည်**

နှစ်အလိုက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ နိုင်းယှဉ်ချက်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညိုနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က တိုင်းစစ်ဌာနချုပ်များနှင့် နယ်မြေအလိုက် စစ်ဆင်ရေးနှင့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ မြို့နယ်များအလိုက် ရွေးကောက်ပွဲများ ပိုမိုတိုးချဲ့ကျင်းပနိုင်ရေး နယ်မြေစိုးမိုးရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပမဲဆန္ဒရှင်များအတွက် ကြိုတင်မဲပေးနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ကြိုတင်မဲပေးခွင့် ပြဋ္ဌာန်းချက်မရှိသည့်နိုင်ငံ ၁၂၃ နိုင်ငံရှိပြီး နိုင်ငံပေါင်း ၇၀ တွင် ကြိုတင်မဲပေးခြင်းစနစ် လက်ခံကျင့်သုံးလျက်ရှိမှု၊ ထိုနိုင်ငံ ၇၀ အနက် ၅၄ နိုင်ငံတွင် ပြည်တွင်းနှင့် ပြည်ပ ကြိုတင်မဲနှစ်မျိုးလုံးခွင့်ပြုပြီး ၁၆ နိုင်ငံတွင် ပြည်တွင်း ကြိုတင်မဲသာ ခွင့်ပြုထားမှု၊ ထိုသို့ကြိုတင်မဲပေးခွင့်ပြုရာတွင်လည်း နိုင်ငံ ၁၅ နိုင်ငံကသာ မဲဆန္ဒရှင်များအားလုံးကို လွတ်လပ်စွာ ကြိုတင်မဲပေးခွင့်ပြုထားပြီး ကျန်နိုင်ငံ ၅၅ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်အမျိုးအစားများကို သီးခြားသတ်မှတ်ထားမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၊ EAO များ၏ လှုပ်ရှားမှုများ၊ တပ်မတော်အနေဖြင့် စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်နိုင်မှုများ၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ တရားမဝင်လုပ်ငန်းများ နှိမ်နင်းရေးဆောင်ရွက်မှုများကို တပ်မတော်နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အထွေထွေဆွေးနွေး**

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အစိုးရအဖွဲ့ဝန်ကြီးဌာနများ၏ ကြိုတင်ပြင်ဆင်ဆောင် ရွက်နေမှု အခြေအနေများ၊ ပညာရည်မြှင့်တင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ပို့ဆောင်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ အသုံးပြုမှုနှင့် ပတ်သက်၍ ပြည်သူများသိရှိနားလည်စေရေး မီဒီယာများမှ အသိပညာပေးလျက်ရှိမှု၊ ဆန္ဒမဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးကြစေရေး၊ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပ ဆောင်ရွက်နိုင်မှသာ ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်မည့် အခြေအနေများအား အများပြည်သူသိရှိအောင် ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲ ကျင်းပနိုင်မည့် မြို့နယ်များ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်ရမည့် စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲအား အပိုင်းလိုက် ကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံရေးပါတီများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ပါတီရုံးများ လုံခြုံရေး၊ ရပ်ကွက်အလိုက် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်စေရေး ဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မီဒီယာများမှ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပညာပေးမှုများ ဆောင်ရွက်သွားရမည့် အခြေအနေများ၊ ဒီမိုကရေစီစနစ်ကို လိုလားသူများအနေဖြင့် ရွေးကောက်ပွဲဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အားပေးထောက်ခံမှုများကို မြှင့်တင် ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲ အောင်မြင်မှုမရှိစေရေး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထိုးနှက်မှုများကိုလည်း လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားမှု စသည်တို့ဖြင့် တစ်ဖက်လှည့် ထိုးနှက်မှုများ လုပ်ဆောင်လာနိုင်ပြီး နိုင်ငံ၏ လုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့် အသွင်ဖြင့် ပုံဖော်လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကို မိမိတို့အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုထက်ပိုမို၍ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့်ပတ်သက်၍လည်း ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ရန်လိုကြောင်း၊ ပိုက်စိပ်တိုက် သတင်းရယူဖော်ထုတ်၍ တရားဥပဒေနှင့်အညီ နှိမ်နင်းသွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မြေပြင်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများနှင့် အတူတကွပူးပေါင်း၍ ထိထိရောက်ရောက်ဖော်ထုတ် အရေးယူသွားရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ အွန်လိုင်း ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေး၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတို့နှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အလေးထား ကိုင်တွယ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့ ကော်မရှင်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့်လမ်းညွှန်မှုများ ပြုနိုင်ရန်၊ ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်များအားလုံးအနေဖြင့် လုပ်ငန်းရပ်များအားလုံး အောင်မြင်စေရေးနှင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အားလုံးမှ အစဉ်တစိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၂၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီအနက် ဦးစိုးပု ခေါင်းဆောင်သည့် **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၂၂ ပါတီအနက် တစ်ပါတီကို မှတ်ပုံတင်ခွင့်ငြင်းပယ်ခဲ့ပြီး ၁၈ ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။ ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မကွေး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာများ အပြည့်အဝကောက်ခံရရှိရေးအတွက် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မကွေးမြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်က တက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကွေးမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်ခိုင်မင်း(ပြန်ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ်အတွင်း သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင်သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်း၍ ဒေသနွားမျိုးကောင်ရေ ၁၅၀ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းများအနေဖြင့် ဒေသနွားကောင်ရေ ၅၀၀ မွေးမြူရေးစီမံချက်တွင် ပထမအဆင့် ကောင်ရေ ၁၅၀ မွေးမြူနိုင်ခဲ့ပြီး ကျန်ရှိသောနွားများ သတ်မှတ်ရက်တွင်ရောက်ရှိရေး ချိတ်ဆက်ဆောင်ရွက်ရန်၊ နွားစာရရှိရေး မွန်ဗားဆားမြက်၊ နေပီယာမြက် ၂၇ ဧက စိုက်ပျိုးထားမှုကို ရှင်သန်အောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သမဝါယမအသင်းများက စိုက်ပျိုးထားသည့် နေပီယာမြက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြွေရိုးကျောင်းစု ကျေးရွာအုပ်စု ရုံးတောကျေးရွာ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ အသင်းပိုင်လယ်မြေ ခုနစ်ဧကတွင် စိုက်ပျိုးထားသော အောင်နိုင်တိုး အထွက်တိုးစပါးမျိုးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရရှိလာသောစပါးများကို တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမအသင်းစုချုပ်များ၊ မြို့နယ်သမဝါယမအသင်းစုများနှင့် ပူးပေါင်းချိတ်ဆက်၍ ဝယ်ယူကြိတ်ခွဲ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများဆောင်ရွက်ရန်၊ စပါးရိတ်သိမ်းပြီးပါက မြေပဲ၊ နှမ်း၊ ပြောင်းသီးနှံများ ဆက်လက်စိုက်ပျိုးနိုင်ရေး လိုအပ်သည့်မျိုးအား သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရန်၊ မိုးစပါးစိုက်ပျိုးနိုင်ရေး အချိန်မီပျိုးထောင်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကျင်းပရေး ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၂

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတက္ကသိုလ်ရာပြည့်သဘင် အောင်မြင်စွာကျင်းပနိုင်ရေး ပညာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပဓာနကျပါကြောင်း၊ မန္တလေးတက္ကသိုလ်ရာပြည့်အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုပြုလုပ်ရာတွင် မျိုးဆက်သစ်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ခေတ်အမြင်ကို ထည့်သွင်းဖန်တီးစေလိုသည့်အတွက် ပြိုင်ပွဲပြုလုပ်စေလိုကြောင်း၊ မန္တလေးတက္ကသိုလ်တည်ထောင်မှုနှစ် ၁၀၀ ပြည့် ရာပြည့်သဘင်ကို တစ်သက်တွင် တစ်ကြိမ်သာကျင်းပခွင့်ရရှိသည့်အတွက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြံပြုဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ခွဲဝေထားမှုများအတိုင်း ဆောင်ရွက်ရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ထည့်သွင်းရန် ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)နှင့် တက္ကသိုလ်ကိုးခုမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အောင်မြင်စွာကျင်းပနိုင်ရေး လျာထားခဲ့သည့် အစီအစဉ် ၂၅ ရပ်အပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို One Stop Service ဖြင့် စိစစ်ထုတ်ပေးနေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

## ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် နောင်ချိုမြို့ မြို့လယ်သာသနာ့ဗိမာန်၌ ယာယီရုံးခန်းဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ၎င်းတို့နေရပ်စွန့်ခွာစဉ် ပျက်စီး/ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်စိစစ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာကာယကံရှင်ပြည်သူများထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး၊ နမ္မတူနှင့် သီပေါမြို့နယ်ဦးစီးမှူးရုံးများ၊ အဆိုပါမြွှာရုံ၌ ယာယီရုံးများဖွင့်လှစ်ထားရှိမှုအခြေအနေကို ကြည့်ရှုပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာမြို့များ၌ မြို့နယ်ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ၊ ဆန်အိတ်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး မြွှာရုံရှေ့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများကိုမေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နောင်ချိုမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နောင်ချိုမြို့နယ်ဦးစီးမှူးရုံး မီးလောင်ပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုံးပြန်လည်တည်ဆောက်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ချိုမြို့ စိန်ရတနာကျောင်းတိုက်၌ ကျောက်မဲခရိုင်အတွင်းရှိ အမျိုးသားဝန်ထမ်းများ ယာယီနေရာချထားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏ နေထိုင်၊ စားသောက်ရေး အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (United Nations Children's Fund-UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Yasumasa Kimura အား လက်ခံတွေ့ဆုံ

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (United Nations Children's Fund-UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura အား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ငလျင်ဒဏ်သင့်မိသားစုများအတွက် ပံ့ပိုးဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲ လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ UNICEF မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားသို့ တက်ရောက်






**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ Y Mandalay Hotel ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မန္တလေး ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ အုပ်ချုပ်သူများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းကို သီဆိုကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက မင်္ဂလာပါ တေးသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။




အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်စွမ်းအားမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခေတ်မီတိုးတက်လာသော အဆင့်မြင့်ပညာရေးနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်တို့ကို အခြေခံပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဟန်ချက်ညီစွာ မြှင့်တင်ပေးနိုင်ရန်နှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ဆောင်ပုဒ်ဖြစ်သည့် "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့" အတိုင်း လူငယ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် အားလုံးဝိုင်းဝန်းဖော်ဆောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီးနောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip အား ပြသခဲ့သည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မန္တလေးတိုင်းဒေသကြီးမှ ထူးချွန်လူငယ်များ၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများနှင့် လူငယ်များနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြောင်းနှင့် ကျောင်းသူများ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့သည့် မဟာမုနိဘုရားကြီး သာသနာ ၂၅၀၀ ဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်ခြင်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ






**မန္တလေး ဩဂုတ် ၁၂**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့သည့် ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးပရဝဏ်ရှိ သာသနာ ၂၅၀၀ ဗိမာန်တော်ကြီးအား အသစ်ပြန်လည်တည်ဆောက်ခြင်းအတွက် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဗိမာန်တော်ကြီးတည်နေရာတွင် ကျင်းပသည်။

အခမ်းအနားသို့ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်းဆရာတော် အဘိဓေ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယ အမှူးပြုသော မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များဖြစ်သည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ (၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်ဩဝါဒါစရိယ မဟာဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်းဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်ဒေသနာတော်မြတ်တို့ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်များနှင့် သံဃာတော်များထံသို့ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီးနောက် အလှူရှင်များဖြစ်သည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ တာဝန်ရှိသူများက သာသနာတော်၂၅၀၀ ဗိမာန်တော်အသစ်တည်ဆောက်ခြင်းအတွက် အလှူငွေကျပ်သိန်း ၁၅၀၀၀ ကို ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်း၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရထံမှ လှူဒါန်းမှု အစုစုအတွက် အနုမောဒနာနှင့် ရေစက်ချတရားနာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ အလှူရှင်များက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တော်တင်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သမဝါယမကောလိပ်(မန္တလေး) ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် Year-End Student Activity Showcase အခမ်းအနားသို့ တက်ရောက်







**မန္တလေး ဩဂုတ် ၁၂**

သမဝါယမကောလိပ်(မန္တလေး)၏ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် Year-End Student Activity Showcase အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ် (မန္တလေး)ရန်ကင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ လုပ်ဆောင်မှုအရည်အချင်းနှင့် ကြိုးစားအားထုတ်မှုကို ဖော်ထုတ်ပြသသည့် အခမ်းအနားဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ဝင်သည့်အချိန်တွင်စာတွေ့အသိများဖြင့် ထိရောက်မှန်ကန်စွာ အသုံးချသွားရန် အလွန်အရေးကြီးပါကြောင်း၊ စာတွေ့သင်ကြားခြင်းနှင့်အတူ လက်တွေ့လုပ်ငန်းများကို ဖန်တီးဆောင်ရွက်ပြီး ပေါင်းစပ်သင်ကြားပေးခြင်း၊ ပညာပေးလုပ်ငန်းများအား စာတွေ့၊ လက်တွေ့ သင်ကြားပေးခြင်းများကို အလေးအနက်ထားကာ ဂရုတစိုက် ကြိုးစားသင်ယူသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သမဝါယမကောလိပ်(မန္တလေး)ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များ၊ ကျောင်း၏သမိုင်းကြောင်းများ၊ စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ဘာသာရပ်များကို သင်ကြားပို့ချပေးနေမှုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် လုပ်ငန်းရှင်တစ်ဦးက လုပ်ငန်းများတွင် စီးပွားရေးပညာရှင်များ၏ အခန်းကဏ္ဍအရေးပါပုံကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ စာတမ်းဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ခြင်းကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှု အကောင်းဆုံးဆုနှင့် အကျိုးအမြတ်အများဆုံးဆုကိုလည်းကောင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက စာတမ်းဖတ်ကြားသည့် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် သမဝါယမကောလိပ်(မန္တလေး)တွင် တက်ရောက်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများက လက်တွေ့စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအပေါ် စာတွေ့အသိများနှင့် ချိတ်ဆက်နားလည်နိုင်မှုကို စာတမ်းတင်သွင်းဖတ်ကြားခြင်းအား ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပထမနှစ်မှ စာတမ်းနှစ်စောင်၊ ဒုတိယနှစ်မှ စာတမ်းငါးစောင် စုစုပေါင်းစာတမ်း ခုနစ်စောင်ကို သက်ဆိုင်ရာစာတမ်းရှင် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးက တင်သွင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# အင်္ဂလန်၌ ရာသီဥတုအပူချိန်ဆိုင်ရာ ကျန်းမာရေးသတိပေးချက်များ ထုတ်ပြန် တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ပယင်းရောင်အဆင့် သတိပေး

**လန်ဒန် ဩဂုတ် ၁၂**

အင်္ဂလန်တစ်ဝန်းလုံးအတွက် ရာသီဥတုအပူချိန်ဆိုင်ရာ ကျန်းမာရေးသတိပေးချက်များ ထုတ်ပြန်ထားပြီး တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသအများစုတွင် ပယင်းရောင်အဆင့် သတိပေးချက်များပါ ထုတ်ပြန်ထားရကြောင်း သိရသည်။



ပူနွေးသော ညတစ်ညပြီးနောက် အပူချိန်သည် ဗြိတိန်တစ်ဝန်းလုံးတွင် ဩဂုတ် ၁၂ ရက်တွင် မြင့်တက်လာဖွယ်ရှိရာ အများစုအတွက် ထိုနေ့သည်အပူဆုံးဖြစ်နိုင်မည်ဟု ဆိုသည်။

အင်္ဂလန်နှင့် ဝေလပြည်နယ် အများစုတွင် အပူချိန်သည် ၂၅ မှ ၂၈ ဒီဂရီစင်တီဂရိတ် အထိ ရှိလာမည်ဖြစ်ပြီး အချို့ဒေသများတွင် ၃၄ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိကာ ယခုသီတင်းပတ်အတွင်း ဒေသအများအပြားတွင် အပူလှိုင်းဒဏ်ခံစားရနိုင်ဖွယ်ရှိသည်။

တစ်ချိန်တည်းတွင် မိုးလေဝသရုံး၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရနှင့် ရေကုမ္ပဏီများ ပါဝင်သည့် အမျိုးသား မိုးခေါင်ရေရှားမှုအဖွဲ့က အင်္ဂလန်တွင် နိုင်ငံအဆင့် ထင်ရှားသော ရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရဖွယ်ရှိသည်ဟု သတိပေးထားကြောင်း သိရသည်။

**Mon**

# ဥရောပတိုက်တွင် အပူလှိုင်းဒဏ်ကြောင့် အပူချိန်မြင့်တက် တောမီးများ အလွန်အမင်းတောက်လောင်လျက်ရှိသည်ဟု ဆို

**မက်ဒရစ် ဩဂုတ် ၁၂**

ဥရောပ၏ အချို့ဒေသများတွင် အပူလှိုင်းအသစ်တစ်ခု ရိုက်ခတ်နေပြီး အပူချိန်သည် ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)အထိ မြင့်တက်လာခဲ့ရာ ကမ္ဘာကြီးပူနွေးလာမှု၏ သက်ရောက်မှုကြောင့် တောမီးများ အလွန်အမင်းတောက်လောင်ကာ လူများစွာ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



စပိန်နိုင်ငံ၏ အနောက်မြောက်ပိုင်းရှိ မီးသတ်သမားများသည် ရှေးဟောင်း ရောမခေတ် သတ္တုတွင်းတူးဖော်ရာနေရာကို ပျက်စီးစေပြီး ဒေသခံရာနှင့်ချီ၍ ထွက်ပြေးတိမ်းရှောင်စေခဲ့ရသည့် တောမီးကို ထိန်းချုပ်ရန် ဩဂုတ် ၁၁ ရက်က ခဲယဉ်းစွာ ကြိုးစားခဲ့ရသည်။

ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သော လတ်စ်မေဒူလပ်စ်အနီးရှိ မီးငြိမ်းသတ်ရေးကြိုးပမ်းမှုသည် အပူချိန်မြင့်မားခြင်းနှင့် တစ်နာရီလျှင် ကီလိုမီတာ ၄၀ (တစ်နာရီလျှင် ၂၅ မိုင်)အထိရှိသော လေပြင်းများကြောင့် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရကြောင်း ဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဂျွန်ကာလို့စ် ဆွာရက်ဇ်ကင် နီနက်စ်က ရှင်းလင်းပြောကြားသည်။

အလွန်အမင်းပူပြင်းသော အပူချိန်နှင့် လေပြင်းများကြောင့် မီးဝဲများပင် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက် မြှင့်တင်

**စင်ကာပူ ဩဂုတ် ၁၂**

စင်ကာပူနိုင်ငံ၏ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ယခုနှစ်အတွက် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်မှုခန့်မှန်းချက်ကို ယခင်က သုညရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းကြားမှ ၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းကြားသို့ တိုးမြှင့်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဩဂုတ် ၁၂ ရက်တွင် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ခန့်မှန်းချက်ကို ကျဉ်းမြောင်းစွာ ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းသည် ၂၀၂၅ ခုနှစ်၏ ပထမနှစ်ဝက်တွင် စင်ကာပူစီးပွားရေး၏ မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်ကို များစွာထင်ဟပ်စေသည်ဟု ဆိုသည်။

ဝန်ကြီးဌာန၏ အတည်ပြုချက်အရ စင်ကာပူစီးပွားရေးသည် ယခုနှစ်၏ ဒုတိယသုံးလပတ်တွင် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယင်းသည် ယခင်က ခန့်မှန်းထားသည့် ၄ ဒသမ ၃ ရာခိုင်နှုန်းထက် အနည်းငယ် တိုးတက်လာခြင်းဖြစ်သည်။

ပထမသုံးလပတ်အတွက် ဂျီဒီပီ တိုးတက်မှုမှာ ၄ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး ယခုနှစ်၏ ပထမနှစ်ဝက်အတွက် စင်ကာပူ၏ ဂျီဒီပီတိုးတက်မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၃ ရာခိုင်နှုန်းအထိ ရောက်ရှိလာကြောင်း သိရသည်။ **Mon**

# ကိုလံဘီယာပြည်နယ်ရှိ လူသူအရောက်နည်းသော ဒေသတွင် တစ်ပတ်ကျော်ပျောက်ဆုံးနေသော အမျိုးသားကို ကယ်ဆယ်နိုင်ခဲ့

**အော့တဝါ ဩဂုတ် ၁၂**

ကနေဒါနိုင်ငံ၊ ဗြိတိသျှကိုလံဘီယာပြည်နယ်၏ ကျယ်ပြောလှသည့် လူသူအရောက်အပေါက်နည်းသော ဒေသတွင် တစ်ပတ်ကျော်ကြာ ပျောက်ဆုံးနေသော အမျိုးသားတစ်ဦးသည် ကျောက်တုံးပေါ်တွင် "ကူညီပါ"ဟု စာလုံးထွင်းပြီး ရွှံ့နုံပေါ်တွင် "အက်စ်အိုအက်စ်"ဟု ရေးဆွဲထားခဲ့ရာမှ ယမန်နေ့က ၎င်းကိုပြန်လည်တွေ့ရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



အသက် ၃၉ နှစ်အရွယ် အင်ဒရူးဘာဘာ ပျောက်ဆုံးနေသည်ဟု သတင်းပို့ပြီး ၉ ရက်အကြာ ဩဂုတ် ၈ ရက်တွင် တော်ဝင်ကနေဒါမြင်းစီးရဲတပ်ဖွဲ့က ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။

သစ်တောလမ်းပေါ်တွင် ၎င်း၏ထရပ်ကားကို ရဟတ်ယာဉ်တစ်စင်းကတွေ့ရှိခဲ့ရာမှ ရှာဖွေမှုဧရိယာကို ကျဉ်းမြောင်းစေကာ ၎င်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ၎င်းသည် ပြင်းထန်စွာ ရေဓာတ်ခန်းခြောက်နေပြီး ခြေထောက်တွင် ဒဏ်ရာရရှိထားသည်ဟု ဆိုသည်။ သို့သော် ၎င်းသည် အသက်ရှင်ရပ်တည်နိုင်ရန်အတွက် ခိုလှုံရာတစ်ခု ဆောက်လုပ်ခြင်းနှင့် ရေကန်ရေကို သောက်သုံးခြင်း အပါအဝင် နည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့သည်။

၎င်း၏ထရပ်ကား ပျက်သွားသည့် ဗန်ကူးဗားမြို့၏ မြောက်ဘက် မိုင် ၃၆၅ (၅၈၇ ကီလိုမီတာ) အကွာရှိ မက်လိစ်ရေအိုင်အနီးတွင် ဇူလိုင် ၃၁ ရက်က ၎င်းပျောက်ဆုံးသွားသည်ဟု သက်ဆိုင်ရာက ကနဦးသတင်းရရှိခဲ့ကြောင်း သိရသည်။ **Mon**

STOP
AIDS

# ဗြိတိန်နိုင်ငံမှ လုပ်ငန်းရှင် ဂယ်ရီဂရန့်နှင့် ကက်သရင်းတို့ဇနီးမောင်နှံ မိသားစုပိုင် စီးပွားရေးလုပ်ငန်းကို ဝန်ထမ်းများထံ လွှဲပေးတော့မည်

**လန်ဒန် ဩဂုတ် ၁၂**

အသက် ၂၃ နှစ်အရွယ် ဂယ်ရီဂရန့်နှင့် ၎င်း၏ဇနီး ကက်သရင်းတို့သည် ၁၉၈၁ ခုနှစ်တွင် ပထမဆုံး စတင်တည်ထောင်လုပ်ကိုင်ခဲ့သော အင်တာတိန်နာ မိသားစုပိုင် စီးပွားရေးလုပ်ငန်းကို ဝန်ထမ်းများထံ လွှဲပြောင်းပေးတော့မည်ဖြစ်ကြောင်း သိရသည်။

အသက် ၆၆ နှစ် ရှိပြီဖြစ်သည့် ဂရန့်၏ ပေါင်သန်းပေါင်းများစွာတန်ဖိုးရှိသော စီးပွားရေးလုပ်ငန်းအင်ပါယာသည် ဗြိတိန်နိုင်ငံတစ်ဝန်း ဆိုင်ခွဲ ၁၆၀ အထိ ကျယ်ပြန့်နေသည်။

၎င်းသည် မိသားစုပိုင် လုပ်ငန်း၏ ၁၀၀ ရာခိုင်နှုန်းကို ဝန်ထမ်းများအား ယုံကြည်စွာအပ်နှံလွှဲပြောင်းပေးခဲ့ရာ ဝန်ထမ်းများသည် အမြတ်ဝေစုရရှိမည်ဖြစ်ပြီး ကုမ္ပဏီကို မည်သို့လုပ်ကိုင်မည်ဆိုသည်ကိုပါ ပါဝင်ဆုံးဖြတ်ခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စစ်ကိုင်း ဩဂုတ် ၁၂**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တက္ကသိုလ်များ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ဌာနဆိုင်ရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် Grade-11 ကျောင်းသား၊ ကျောင်းသူများအား အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်စိုးလွင် ဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားနေပြီး အသက်များဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ လမ်းအသုံးပြုသူများကိုယ်တိုင် ပူးပေါင်းပါဝင်မှသာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း ပညာပေးဟောပြောပြီး ကျောင်းသား၊ကျောင်းသူများက သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၄၅)



## မှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများရောင်းချမှု ရှိမရှိ ကွင်းဆင်းစစ်ဆေး



**နတ်မောက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ မှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့မဈေးကြီးတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်ညိုယဉ်နွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က မြို့မဈေးအတွင်း၊ အပြင်ရှိ တိုင်းရင်းဆေးဆိုင်များတွင် ဆေးဝါးမှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော ဆေးမေတ္တာအမှတ်တံဆိပ် တိုင်းရင်းဆေးဝါးများကို ထုတ်လုပ်ရောင်းချခြင်းနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး၍ တွေ့ရှိပါက သိမ်းဆည်းခြင်းနှင့် ထပ်မံရောင်းချမှုမရှိစေရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) လှဝင်း**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**လင်းခေး ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီခွဲက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို လင်းခေးမြို့နယ် ဝမ်ဟတ်အခြေခံပညာ စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်း ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် လင်းခေးမြို့နယ်၊ ဝမ်ဟတ်နယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်ခင်ဝင်းက ကျောင်းသား၊ ကျောင်းသူများအား မော်တော်ဆိုင်ကယ်မောင်းနှင်လျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း၊ မေးသိုင်းကြိုးတပ်ဆင်ခြင်း၊ မော်တော်ဆိုင်ကယ်နောက်ကြည့်မှန်များ တပ်ဆင်၍မောင်းနှင်စီးနင်းကြရန်၊ လမ်းစည်းကမ်းများ လိုက်နာမောင်းနှင်ကြရန်၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်သည့်အခါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှု၊ပြစ်ဒဏ်ဥပဒေအကြောင်း သိကောင်းစရာများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Delivery Van နှစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တံတားဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၄၃ ဒသမ ၄၃၃ တန်၊ အခြားသစ် ၁၃ ဒသမ ၄၁၄ တန်နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် မော်တော်ဆိုင်ကယ်တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် လည်ချောင်းပိုက် ၇၇ လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၃၃ မျိုးကို ဖမ်းဆီးရမိခဲ့ပြီး သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ သာယာအေးရပ်ကွက်၊ ဓမ္မစာရီလမ်း လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ၁၁ မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**လင်းခေး ဩဂုတ် ၁၂**

ရှမ်းပြည်နယ်၊ လင်းခေးမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၁၀ ရက်က ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လင်းခေးမြို့ ဝင်၊ထွက်စစ်ဆေးရေးဂိတ်၌ လင်းခေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုးနဲမြို့ဘက်မှ လင်းခေးမြို့ဘက်သို့ ရှမ်းပြည်နယ်၊ လင်းခေးမြို့၊ ဝမ်လွိုင်ရပ်ကွက်နေ စိုင်းကော်ခမ်း(၅၇)နှစ် မောင်းနှင်လာသည့် YGN/1K---- TOYOTA MARK II အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စိုင်းကော်ခမ်းအား လင်းခေးမြို့မရဲစခန်းမှ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်အမျိုးသား ၁၀၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၁၀၄ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်အတွင်းမှ DPLA အဖွဲ့ဝင် အမျိုးသား ၉၀ နှင့် အမျိုးသမီး နှစ်ဦး၊ NH PDF အဖွဲ့ဝင် အမျိုးသား သုံးဦး၊ KIA အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ ကျောက်ဆည် PDF အဖွဲ့ဝင်အမျိုးသား တစ်ဦး၊ မိုးကုတ် PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မန္တလေး PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ ပင်းတယမြို့နယ်အတွင်းမှ DPLA အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ နမ့်ဆန်မြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် မိုးမိတ်မြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင်အမျိုးသား တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းမှ မန္တလေး PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၀၄ ဦးတို့ကို တာဝန်ရှိသူများကကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်း၌ ပြုလုပ်ရာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်တောင့် ၃၀၊ Type-82 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၂၁၀ တောင့်၊ MA-3 တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၀ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး တာဝန်ရှိသူများက သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် သေနတ်သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀ နှင့် လက်ပစ်ဗုံးတစ်လုံးလျှင် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံး ၁၂ လုံးအတွက် ငွေကျပ် ၃၆ သိန်း စုစုပေါင်း ငွေကျပ် ၁၈၆ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပြန်လည်ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။

ယင်းနောက်တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုကဲ့သို့ ကြားသိရပါသည်-

**အမျိုးသမီး**

ကျွန်မက ခရီးသွားရင်းနဲ့ပေါ့နော်။ ကျွန်မ ဦးလေးကစစ်သားဆိုတော့မှ ကျွန်မကို ဖမ်းတာပေါ့။ ဖမ်းပြီးတော့မှ နင့်ဦးလေးက စစ်သား။ နင် PDF ထဲဝင်မှာလား။ မဝင်ရင် နင့်မိသားစုကို တစ်ခုခုလုပ်မယ် ဆိုပြီးတော့ ခြိမ်းခြောက်တာပေါ့။ ခြိမ်းခြောက်ပြီးတဲ့အခါကျတော့ မိသားစုကိုတော့ မလုပ်ပါနဲ့ပေါ့နော်။ ကျွန်မပဲ အဲဒီအထဲဝင်မယ် ဆိုပြီးတော့မှ အနစ်နာခံပြီးတော့ အဲဒီအထဲဝင်သွားခဲ့တယ်။ ဝင်ပြီးတော့ အဲဒီမှာ သင်တန်းတွေ အတင်းတက်ခိုင်းတယ်။ တက်ခိုင်းပြီးတော့မှ သင်တန်းမှာပေါ့နော်။ သင်တန်းမှာ သင်တန်းဆင်းရင်းနဲ့ မူးလဲတာတောင်မှပေါ့ ဘာမှ မလုပ်ပေးဘူးပေါ့။ မထူနဲ့ဘာညာ အဲဒီလိုမျိုးပြောတယ်။ ပြီးတော့ ထမင်းစားရတာကျတော့လည်း အဲဒီမှာ အဆင်မပြေဘူးပေါ့နော်။ တစ်နေ့ကိုမှ နှစ်နပ်ပဲကျွေးတယ်။ ပြီးတော့ ထမင်းကလည်း အချိန်နဲ့ စားရတာဆိုတော့ စားရတာ အဆင်မပြေဘူး။ ပြီးတော့ တစ်ခါတလေကျရင် ထမင်းသိုးတွေ ဘာတွေ စားရတယ်။ သင်တန်းဆင်းပြီးတဲ့အခါကျတော့လည်း အဲဒီမှာနေပြီးတော့မှ ထမင်းတွေ ဘာတွေ ချက်ခိုင်းတယ်။ အဲဒီလိုမျိုးပါနော်။ အလုပ်တွေ ဘာတွေ လုပ်ခိုင်းတယ်။ ပြီးတော့ တခြားနယ်တွေမှာ သူတို့ရန်ပုံငွေရဖို့အတွက် မဲတွေ ဘာတွေ လိုက်ရောင်းခိုင်းတယ်။ တစ်နေကုန် လိုက်ရောင်းပြီး ပြန်လာတယ်။ ပြီးလို့ရှိရင် အဲဒီမဲကို သူတို့က ဖောက်ပေးလားဆိုမဲလည်းမဖောက်ပေးဘူး။ အဲဒီရဲ့ ပိုက်ဆံတွေကို အလွဲသုံးစားလုပ်တယ်။ အဲဒီလုပ်ရပ်တွေကိုလည်း ကျွန်မတို့က မကြိုက်ဘူးပေါ့။ အဲဒါပြီးတော့အခါကျတော့ အဲလိုမျိုး အဲဒီမှာပေါ့နော် ကင်းတွေဘာတွေလည်း စောင့်ရတယ်။ ကင်းတွေဘာတွေစောင့်လို့ရှိရင်လည်း အလွန်အေးတယ်။ အလွန်အေးလို့ရှိရင် သူတို့ကစောင်တွေဆိုလည်း လုံလုံလောက်လောက် မပေးဘူးပေါ့နော်။ သမီးတို့အဝတ်အစားတွေ၊ အနွေးထည်တွေ မရှိဘူး။ အဲဒီလိုမျိုးထားတယ်။ ပြီးလို့ရှိရင် ထမင်းစားရင်လည်း အဲဒီလိုမျိုးပေါ့နော်။ ဟင်းက မကောင်းဘူး။ အဲဒီလိုမျိုးထားတယ်။ ပြီးတော့ အဲဒီလို ပဲဟင်းပေါ့ အဲဒီလိုမျိုးတွေနဲ့ စားရတယ်။ အဲဒီလို သူတို့ရဲ့ လုပ်ရပ်တွေပေါ့။ သူတို့ရဲ့ အခုပိုက်ဆံအလွဲသုံးစားလုပ်နေမှုတွေ၊ တခြားလုပ်ရပ်တွေပေါ့နော်။ သူများဟာတွေကို အနိုင်ကျင့်နေမှုတွေ၊ သူများပိုက်ဆံတွေကို လိမ်ပြီးတော့မှ ပြည်သူ့အတွက် လုပ်နေပါတယ်ဆိုပြီးတော့မှ အဲဒီလိုမျိုးတွေ ပြောနေတာပေါ့။ အဲဒီလိုမျိုးတွေကိုလည်း သမီးတို့မကြိုက်တဲ့အတွက် အဲဒီထဲကနေ ထွက်ပြေးပြီးတော့ ဒီဘက်ကို အလင်းလာဝင်ခြင်း ဖြစ်ပါတယ်။ အခုကျန်ရှိနေတဲ့ အဖွဲ့သားတွေ၊ ကျန်တဲ့သူတွေရော ကျွန်မတို့လို အနိုင်ကျင့်ခံရတာကို၊ ပြီးတော့ အတင်းအဓမ္မခေါ်ခံရတာမျိုးတို့ ရှိတဲ့သူတွေလည်းရှိကြတယ်။ အဲဒီလိုရှိတဲ့ သူတွေလည်း တပ်မတော်ဘက်က အလင်းဝင်တဲ့ သူတွေကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ကျွန်မကိုလည်း တပ်မတော်က အလင်းဝင်တဲ့ အတွက် ဘာမှမလုပ်ဘူး။



ကောင်းကောင်းမွန်မွန်ပဲ ထားတယ်။ ကောင်းကောင်းမွန်မွန်ပဲ မိဘလက်ထဲ ပြန်အပ်တယ်။ အဲဒါကြောင့်မို့ ကျန်ရှိနေတဲ့ သူတွေကိုလည်း အမှားကိုသိပြီး အမှန်ကို ပြန်ပြင်နိုင်အောင်လို့ တပ်မတော်ထဲကို အလင်းဝင်ပါလို့ ကျွန်မက ပြောချင်ပါတယ်။

**အမျိုးသား**

အကြမ်းဖက် TNLA ထဲ ရောက်လာတဲ့ အကြောင်းရင်း ကတော့ ကျွန်တော်တို့ရွာကို လာပြီးတော့ အဓမ္မအတင်းဆွဲခေါ်တာပေါ့။ တချို့က မင်းတို့မလိုက်ရင် မင်းတို့မိဘကို ခေါ်သွားမယ် အိမ်တွေကို မီးရှို့မယ်လို့ ခြိမ်းခြောက်ပါတယ်။ ဒါကြောင့် မိသားစုကို ငဲ့ပြီးတော့ ကျွန်တော် အဲဒီအဖွဲ့ထဲကို ရောက်သွားပါတယ်။ အဲဒီမှာ အစားလည်း ဆင်းရဲတယ်။ အနေလည်း ဆင်းရဲတယ်။ ဆေးဝါးလည်း မပြည့်စုံဘူး။ လေ့ကျင့်ခန်းလည်း ကြမ်းကြမ်းတမ်းတမ်းလည်း လုပ်ရတယ်။ အသက်ကြီးပိုင်းတွေ ဆိုရင် လေ့ကျင့်ခန်းမလုပ်နိုင်ရင် ရိုက်တယ်။ ဆူတယ်၊ ကန်တယ်၊ ရေထဲစိမ်တယ်။ တချို့ဆို မူးလဲတယ်။ ပြန်မထူခိုင်းဘူး။ ဒီအတိုင်းပဲ ထားခိုင်းတယ်။ တချို့ဆိုရင် နေပူလှန်းလို့ လှုပ်ရင်သေနတ်တွေနဲ့ ခြိမ်းခြောက်တာပေါ့။ မင်းတို့ကို ပစ်သတ်လို့ရတယ်။ ငါတို့အဖွဲ့အစည်းမှာ လူသတ်ပိုင်ခွင့်ရှိတယ် ဆိုပြီး ခြိမ်းခြောက်ပါတယ်။ တချို့ ထွက်ပြေးတဲ့ ရဲဘော်တွေလည်း ရှိတယ်။ သင်တန်းကွင်းမှာ စိတ်ပင်ပန်းလို့ ပြန်မိရင် ရိုက်တယ်၊ နှက်တယ်၊ ထုတယ်။ မင်းတို့ဘာကြောင့် ထွက်ပြေးတာလဲလို့ မေးတယ်။ မင်းတို့ အာဏာရှင် တိုက်ထုတ်ဖို့ဝင်လာတာမဟုတ်ဘူးလားလို့ မေးတယ်။ ကျွန်တော်တို့ အမြင်မှာတော့ ဒီသင်တန်းကွင်းမှာ လေ့ကျင့်ခန်းလုပ်ခိုင်းတာ အာဏာရှင်ထက်ဆိုးနေတာပေါ့။ ရိုက်တယ်၊ ကြမ်းတယ်ပြောတော့ အာဏာရှင် မကြိုက်ဖူးလေး ဘာလေးနဲ့။ တကယ်တမ်းအာဏာရှင်က သူတို့ဖြစ်နေတယ်။ TNLA အဖွဲ့ နဲ့ DPLA အဖွဲ့မှာဆိုရင် ဒီအဖွဲ့အစည်း



လည်း သိပ်မရှိတော့ဘူးပေါ့နော်။ အလင်းဝင်ချင်တဲ့ သူတွေလည်း ရှိတယ်။ ထွက်ပြေးလွတ်မြောက်တဲ့ ရဲဘော်တွေလည်းရှိတယ်။ တပ်မတော်ထဲ အလင်းဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ တပ်မတော်က ညှဉ်းပန်းနှိပ်စက်တာတွေမရှိဘူး။ သူတို့ပြောခဲ့သမျှဟာတွေ ဘာမှ မဟုတ်ဘူး၊ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ရှေ့ဆက်ပြီး အလင်းဝင်ပြီးတော့ ကျွန်တော်တို့ ကျောင်းတက်ချင်တဲ့ ရဲဘော်တွေ လည်း ကျောင်းနေလို့ရတယ်။ မိဘနဲ့ လွတ်လွတ်လပ်လပ် နေအိမ်မှာ တောင်ယာလုပ်စားချင်လည်းရတယ်။ ဘာမှကြောက်စရာမလိုဘူး။ အေးအေးဆေးဆေး ဖော်ဖော်ရွေရွေပဲ။ အစားအသောက်ကောင်းလည်း ကျွေးတယ်။ ဒါကြောင့်မို့ အလင်းဝင်ရောက်ဖို့ရာ ဖိတ်ခေါ်ပါတယ်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## မာဆွာကူကို ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ဆန်းဒါးလန်းအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၂**

ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် ဘီဆစ်တပ်စ်အသင်း နောက်ခံကစားသမား မာဆွာကူကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် ဘီဆစ်တပ်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ မာဆွာကူက "ကျွန်တော့် ဆန်းဒါးလန်းအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဆန်းဒါးလန်းအသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## ဂိုးသမား ဒွန်နာရန်မာ ပီအက်စ်ဂျီအသင်းက ထွက်ခွာဖွယ်ရှိ

**ပါရီ ဩဂုတ် ၁၂**

ဂိုးသမား ဒွန်နာရန်မာသည် လက်ရှိဈေးကွက် အတွင်းတွင် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ပီအက်စ်ဂျီအသင်းကလည်း ဂိုးသမား ဒွန်နာရန်မာအား စပါးအသင်းနှင့် ကစားမည့် ဥရောပ စူပါဖလားပွဲစဉ်၏ ကစားသမားလူစာရင်းမှ ချန်လှပ်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဒွန်နာရန်မာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၁ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသည်။

ထို့ကြောင့် ဂိုးသမား ဒွန်နာရန်မာအနေဖြင့် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**





## ဖိုဖာနာ ဒဏ်ရာမှ သက်သာလာခြင်းကြောင့် ချဲလ်ဆီးအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

**လန်ဒန် ဩဂုတ် ၁၂**

ချဲလ်ဆီးအသင်း နောက်ခံကစားသမား ဖိုဖာနာသည် တံကောက်ကြောဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် မတ်လကတည်းက ဒဏ်ရာရရှိခဲ့ပြီး လက်ရှိအချိန်တွင် ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

နောက်ခံကစားသမား ဖိုဖာနာ ဒဏ်ရာမှ သက်သာလာခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက်လည်း အားတက်စရာဖြစ်လာခဲ့သည်။ **(အပေါ်ပုံ)**

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဖိုဖာနာသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး နှစ်ဂိုး သွင်းယူထားသည်။ **(NGB)**

## ဆာဗင်ဟိုကို ခေါ်ယူရန် စပါးအသင်း ဆွေးနွေး

**လန်ဒန် ဩဂုတ် ၁၂**

စပါးအသင်းသည် မန်ချက်စတာစီးတီးအသင်း တောင်ပံကစားသမား ဆာဗင်ဟိုကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။



အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဆာဗင်ဟိုကိုယ်တိုင်ကလည်း လက်ရှိအချိန် မန်ချက်စတာစီးတီးအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(အပေါ်ပုံ)**

ထို့ကြောင့် စပါးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်းထံမှ ဆာဗင်ဟိုကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ရက်စပါဒိုရီကို အက်သလက်တီကိုမက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၁၂**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် နာပိုလီအသင်းတိုက်စစ်မှူး ရက်စပါဒိုရီကို ပြောင်းရွှေ့ကြေး ယူရို ၂၆ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ရက်စပါဒိုရီသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၉ ပွဲကစားပြီး ၁၈ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်တွင် ကစားသမား ၁၀ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ကင်စလေကိုးမန်းကို ခေါ်ယူရန် အယ်လ်နာဆာအသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၁၂**

ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်နာဆာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ကင်စလေကိုးမန်းကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။



အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုရက်ပိုင်းအတွင်း အယ်လ်နာဆာအသင်းသို့ လာရောက်ကာ သုံးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။ **(အပေါ်ယာပုံ)**

အယ်လ်နာဆာအသင်းသည် ကင်စလေကိုးမန်းအတွက် ပြောင်းရွှေ့ကြေးအား ယူရို ၃၅သန်းအထိ သုံးစွဲခဲ့ရပြီး တစ်နှစ်လုပ်ခလစာငွေ ယူရို သန်း ၂၀နှင့် ၂၅သန်းကြားအထိ ပေးချေသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ကင်စလေကိုးမန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၃၉ပွဲကစားကာ ၇၂ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်နာဆာအသင်းက ခေါ်ယူလာခြင်းဖြစ်သည်။ **(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူးသစ်ဘင်ဂျမင်ဆက်စ်ကိုသည် အသင်းနှင့်လေ့ကျင့်ခန်း စတင်ဆင်းလျက်ရှိပြီး ကျောနံပါတ် (၃၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

* ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယူရိုပါလိဂ်ယှဉ်ပြိုင်ခွင့်ရရှိရန်အတွက် အားကစားခုံရုံး(CAS)ထံ အယူခံတင်သွင်းခဲ့ရာ ရှုံးနိမ့်ခဲ့မှုကြောင့် ကွန်းဖရန့်လိဂ်ပြိုင်ပွဲသာ ယှဉ်ပြိုင်ခွင့်ရရှိသွားတော့မည်ဖြစ်သည်။

**(NGB)**

## 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Andrey Rublev တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁၂**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲစတုတ္ထအဆင့်သို့ ရုရှားတင်းနစ်ကစားသမား Andrey Rublev တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်ကစားသမား Andrey Rublev သည် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်ကစားသမား Learner Tien အား ၇-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Andrey Rublev နှင့် ဩစတြေးလျတင်းနစ်ကစားသမား Alexei Popyrin တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



### အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)နောက်ဆုံးပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၃-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညဂုး၀၀နာရီ | ဩစတြေးလျ(ယူ-၂၃) - တီမော |
| ။ | ။ | ဖိလစ်ပိုင် - မြန်မာ |

### ဥရောပ ယူအီးအက်ဖ်အေ စူပါဖလား ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၄-၈-၂၀၂၅ ကြာသပတေးနေ့ | နံနက်၀၁း၃၀နာရီ | PSG (ပြင်သစ်) - စပါး(အင်္ဂလန်) |

# မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး သြဂုတ် ၁၂**

မန္တလေးတက္ကသိုလ်ရူပဗေဒမိသားစု(၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၁၀ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် ၇၈လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြားရှိ ရူပရတနာခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု နာယကပါမောက္ခ(ငြိမ်း)ဒေါက်တာချစ်ရွှေ၊ ပါမောက္ခချုပ်(ငြိမ်း) ဦးပိုမြင့်၊ ဦးကျော်မြင့်သိန်းနှင့် ဆရာ၊ ဆရာမကြီးများ၊ ရူပဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြပြီး (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး အကြံပြုဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့တွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ကန်တော့ခံဆရာ၊ ဆရာမကြီးများ တက်ရောက်ကြမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်ရူပဗေဒမိသားစု အသက်(၆၅)နှစ်နှင့် အထက် ဆရာ၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကိုလည်း အောက်တိုဘာ ၅ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၄၅)



# လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆင်းဆွေးနွေး

**တပ်ကုန်း သြဂုတ် ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျားသေအိုင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ခန်းမတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်းက တောင်သူများအနေဖြင့် သီးနှံများ ရာသီပြည့်စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး၊ ရိတ်သိမ်းချိန်လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်၊ ကောက်စိုက်စက်၊ မြေညှိစက်နှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ လိုအပ်ပါက ကာလပေါက်ဈေးအတိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာသုံး စက်ကိရိယာအတွက် စက်မောင်း၊ စက်ပြင်သင်တန်းများလိုအပ်ပါက ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စနစ်တကျ ပေါင်းစည်းလယ်ယာများဖော်ဆောင်လိုပါကလည်း ငွေကြေးကုန်ကျမှု၏ ထက်ဝက်အကုန်ကျခံနိုင်လျှင် စက်မှုလယ်ယာဦးစီးဌာနမှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်းဆွေးနွေးပြောကြားခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကင်မွန်းတန်းကျေးရွာ၊ ဂါတ်ချိုင်းကျေးရွာများတွင် ဆက်လက်ဆွေးနွေးပြောကြားခဲ့ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အာမခံအမျိုးအစားများအကြောင်း ရှင်းလင်းဆွေးနွေး

**မန္တလေး သြဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် သြဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက Capital Taiyo Life Insurance ကုမ္ပဏီမှ လာရောက်ပြီး အာမခံအမျိုးအစားများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ရှင်းလင်းဆွေးနွေးရာတွင် Capital Taiyo Life Insurance ကုမ္ပဏီမှ ဦးနေလင်းထူးက အာမခံအမျိုးအစားများဖြစ်သည့် ကျန်းမာရေးအာမခံ၊ ပြင်းထန်သော ရောဂါကုသမှုအာမခံ၊ ငွေစုအသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ အထူးခရီးသွားအာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ ပညာရေးအာမခံ၊ မြွေအန္တရာယ် အသက်အာမခံ၊ တောင်သူလယ်သမား အသက်အာမခံ၊ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ အမျိုးအစားများအနက် စုပေါင်းအသက်အာမခံထားရှိရာတွင် အနည်းဆုံးလူဦးရေ ငါးဦးနှင့်အထက်ထားရှိရမည်ဖြစ်ကြောင်း၊ သေဆုံးခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းတို့အတွက် ရရှိနိုင်သော အကာအကွယ်များ၊ အကျိုးကျေးဇူးဆိုင်ရာများ၊ ငွေစုအသက်အာမခံတွင်လည်း ပရီမီယံကို လစဉ်ဖြစ်စေ၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ်နှင့် တစ်လုံးတည်းပေးဟူ၍ ရွေးချယ်ပေးသွင်းနိုင်ကြောင်း၊ ပေးသွင်းရာတွင် အနည်းဆုံး ခြောက်လ ပေးသွင်းပြီးမှသာ အာမခံငွေများ ထုတ်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ရာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အာမခံအမျိုးအစားနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) စင်မင်းမောင်**





# လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ သြဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတွင် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၇/၂၀၂၅) ဖွင့်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးထွန်းထွန်းဆွေက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် လျှပ်စစ် မန်နေဂျာရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော စာရင်းကိုင်(၄)ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း ရုံးလုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၇/၂၀၂၅)ကို ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊လက်ထောက်အထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊ မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ၄င်းသင်တန်းကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော စာရင်းကိုင်(၄) ဝန်ထမ်း ၄၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၆၉)

# လူငယ်ရေးရာအသိပညာပေး ဟောပြော

**မန္တလေး သြဂုတ် ၁၂**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ" ကို သြဂုတ် ၁၁ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၃၄)အခြေခံပညာ အထက်တန်းကျောင်း နန်းကေသီခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် အမှတ်(၃၄)အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့် နည်းပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းက "လူငယ်နှင့် ခေါင်းဆောင်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**ချမ်းမြေ့(ချမ်း/စည်)**


### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**



## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ (အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၂**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံ တက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ(အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၁ ရက် ညနေ ၃ နာရီက အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားကွင်းတွင် ကျင်းပရာ ပါမောက္ခချုပ်ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခ ချုပ်များဖြစ်ကြသည့် ဒေါက်တာ ခင်မော်မော်စိုး၊ ဒေါက်တာမာလာ ယုအောင်၊ ဒေါက်တာ ဝင်းနိုင်၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ရတနာပုံတက္ကသိုလ် ဖူဆယ်ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနိုင်လင်း၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲစဉ်တွင် အားကစားပညာအသင်းနှင့် ဥပဒေပညာအသင်းတို့ ယှဉ်ပြိုင်ကစားရာ အားကစားပညာအသင်းက ဥပဒေပညာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရ ဓာတုဗေဒအသင်းနှင့် ဒုတိယဆုရ ဥပဒေပညာအသင်းတို့အား ဒုတိယပါမောက္ခချုပ်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီးတို့က တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုနှင့် အကောင်းဆုံးဂိုးသမားဆုတို့ကို ဒုတိယပါမောက္ခချုပ်တို့ကလည်းကောင်း၊ ပါမောက္ခချုပ်က ပထမဆုရ အားကစားပညာအသင်းအား တစ်ဦးချင်းဆု၊ တံခွန်စိုက်ဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၈၂)

၀-၀-၀-၀-၀

## ကျောင်းကျန်းမာရေးစစ်ဆေး၊ အသိပညာပေး ဟောပြော

**သရက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းကျန်းမာရေးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြောခြင်းကို ဩဂုတ် ၁၁ရက် နံနက်၁၀ နာရီက အခြေခံပညာမူလတန်း(ရွှေဘုံသာ) ကျောင်းတွင် ဆောင်ရွက်ခဲ့သည်။ (အောက်ယာပုံ)

ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးမှူး-၄ ဒေါ်ပိုးမြဦး၊ ဒေါ်သဇင်နှင်းနှင့် ဒေါ်အေးအေးဦးတို့က ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်ဆေးခြင်း၊ သွားနှင့် ခံတွင်းကျန်းမာရေး၊ နည်း စနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲရန်နှင့်မိုးတွင်းကာလကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး တစ်ဦးချင်းကျောင်းကျန်းမာရေး မှတ်တမ်းကတ်များ ရေးသွင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် သွားဆရာဝန်က ကျောင်းသား၊ ကျောင်းသူများအား သွားကျန်းမာရေး စစ်ဆေးပေးခဲ့ပြီး သွားနုတ်ရန်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား သွားများ နုတ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀



## မန္တလေးဆိပ်ကမ်း၌ ဧရာဝတီမြစ်ရေ ၁၀၀၀ စင်တီမီတာအထက်သို့ ပြန်လည်မြင့်တက်လာ

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးဆိပ်ကမ်း၌ ဧရာဝတီမြစ်ရေသည် ဇူလိုင်လပိုင်းအတွင်းက အတက်အကျများဖြစ်ပေါ်ခဲ့ရာမှ ၇၅၉ စင်တီမီတာအထိ ကျဆင်းခဲ့ပြီး ဩဂုတ်လတွင် မြစ်ရေမြင့်တက်လာရာ ၁၀၀၀ စင်တီမီတာအထက်သို့ ရောက်ရှိလာကြောင်း မိုး/ဇလ မှတ်တမ်းများအရ သိရသည်။

မိုး/ဇလအနေဖြင့် တစ်ရက်လျှင် နံနက်၆နာရီခွဲတွင်တစ်ကြိမ်၊ မွန်းလွဲ ၁၂ နာရီခွဲတွင် တစ်ကြိမ်နှင့် ညနေ ၆ နာရီခွဲတွင်တစ်ကြိမ် ဆိပ်ကမ်းမြို့များ၌ ရောက်ရှိနေသော မြစ်ရေမှတ်များကို တိုင်းထွာကာ နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

"ဩဂုတ်လ ပထမ ၁၀ ရက်ပတ် မိုးလေဝသခန့်မှန်းချက်များအရ မန္တလေးဆိပ်ကမ်းမှာ ပေဝက်ကနေ တစ်ပေခန့်အထိ လက်ရှိရေမှတ်ထက် မြင့်တက်လာနိုင်တယ်။ ပြီးခဲ့တဲ့ ဇူလိုင်လမှာ အတက်အကျဖြစ်ခဲ့ပြီး ဩဂုတ်လမှာ ၁၀၀၀ စင်တီမီတာအထက် ရောက်လာတယ်။ ဒီနေ့မှာ ၁၀၃၈ စင်တီမီတာကို ရောက်ရှိနေပါတယ်" ဟု မိုး/ ဇလမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ရေတိုင်းထွာချက်များအရ ဇူလိုင် ၁၇ ရက်က ၁၀၃၇ စင်တီမီတာမှ ၂၂ ရက်တွင် ၇၅၂ စင်တီမီတာသို့ ကျဆင်းခဲ့ပြီး ယင်းနောက်ပိုင်းတွင် တဖြည်းဖြည်း မြင့်တက်လာရာ ဩဂုတ် ၁ ရက်က ၉၀၇ စင်တီမီတာ၊ ၈ ရက်တွင် ၉၅၀ စင်တီမီတာ၊ ၁၀ ရက်တွင် ၁၀၀၇ စင်တီမီတာနှင့် ၁၂ ရက်တွင် ၁၀၃၈ စင်တီမီတာသို့ ရောက်ရှိလာသည်။

"ဒီနှစ်မှာ မန္တလေးရဲ့ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာအောက် ၅ ပေခန့်အလိုအထိပဲ မြင့်တက်ခဲ့တယ်။ စိုးရိမ်ရေမှတ်ကို ရောက်မလာခဲ့ဘူး။မနှစ်ကတော့ စိုးရိမ်ရေမှတ်ရောက်ခဲ့တယ်။ နောက်ရက်တွေမှာတော့ မြစ်ရေကျဆင်းသွားနိုင်ပါတယ်" ဟု ဂေါဝိန်ဆိပ်ကမ်းအနီး နေထိုင်သူတစ်ဦးက ပြောသည်။

ဩဂုတ်လ ပထမ ၁၀ ရက်ပတ် မြစ်ရေခန့်မှန်းချက်များအရ မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူ၊ ကသာမြို့များတွင် ၂ ပေခွဲမှ ၃ ပေခွဲခန့်၊ သပိတ်ကျင်း၊ မန္တလေး၊ စစ်ကိုင်းနှင့် မြင်းမူတို့တွင် ပေဝက်မှ တစ်ပေခန့်၊ ပခုက္ကူ၊ ညောင်ဦး၊ ချောက်၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟင်္သာတနှင့် ဇလွန်မြို့များတွင် တစ်ပေမှ နှစ်ပေခွဲခန့်ဖြင့် လက်ရှိ မြစ်ရေမှတ်များထက် မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထား ကြောင်းသိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀





## ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဩဂုတ် ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ကျန်းမာရေးဝန်ထမ်းများက တောင်စကြာနွယ်စင်ရပ်ကွက် မင်္ဂလာလူငယ်လူမှုကူညီရေးအသင်းရုံး၌ အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေမျက်စိအားတိုးဆေးတိုက်ကျွေးခြင်း၊ သံချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးအချိန် တိုင်းတာခြင်းနှင့် ကလေးမိခင်များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

မဟာအောင်မြေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေးသီတင်းပတ်အနေဖြင့် မြို့ပေါ်ရှိ အခြေခံကျောင်းများ၊ ရပ်ကွက်နေပြည်သူများ အားလုံးကို စုရပ်ဖွဲ့၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ဗီတာမင်အေမျက်စိအားတိုးဆေး တိုက်ကျွေးခြင်း၊ သံချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးအချိန်တိုင်းတာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

## ကျေးရွာကုန်ထုတ်လမ်းအား လမ်းသိပ်သည်းမှု တိုင်းတာစစ်ဆေး

**ရေနံချောင်း ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု၊ သဖန်းချောင်းကျေးရွာ ကုန်ထုတ်လမ်းအား လမ်းသိပ်သည်းမှုတိုင်းတာစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ)ဒေါ်ခင်စန္ဒီကျော်၊ ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများကကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သဖန်းချောင်းကျေးရွာကုန်ထုတ်လမ်း အရှည် ၇ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ မြေနီခင်းခြင်းလုပ်ငန်းကို သတ်မှတ်အရှည်အသွေးပြည့်မီမှု ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် လမ်း၏ သိပ်သည်းမှု၊ ခံနိုင်ဝန်တိုင်းတာစစ်ဆေးခြင်းကို စနစ်တကျဆောင်ရွက်ပြီး ဦးစီးအရာရှိ (နည်းပညာ) က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းချောင်းကျေးရွာကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၇၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးထံမှ သိရသည်။

**နော်လူး**

၀-၀-၀-၀-၀

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ သာယာလှပ
စိမ်းမြမြ။

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ရေခဲတုံးအသုံးပြုပြီး အသားအရေ ထိန်းသိမ်းကြမယ်

ရေခဲတုံးကို အသုံးပြုပြီး အသားအရေထိန်းသိမ်းတာတွေ ပြုလုပ်လို့ရပါတယ်။ ရေခဲတုံးကို အအေးဖျော်သောက်တဲ့အခါနဲ့ ဒဏ်ရာအနာတရဖြစ်တဲ့အခါ ရောင်ရမ်းတာတွေသက်သာစေဖို့ အတွက် အသုံးပြုကြပါတယ်။ တကယ်တော့ ရေခဲကို အလှအပ အတွက် သုံးပေးလို့ ရပါသေးတယ်။ ရေခဲမှာပါဝင်တဲ့ အစွမ်းသတ္တိတွေဟာ မျက်နှာလှပဖို့ အတွက် အထောက်အကူပြုပါတယ်။ ဒါဆိုရင်တော့ ရေခဲက မျက်နှာလှဖို့ ဘာတွေ အသုံးဝင်မလဲဆိုတာ ကြည့်ကြည့်လိုက်ရအောင်နော်။

**(၁) မျက်ကွင်းညိုခြင်း**

မျက်ကွင်းညိုခြင်း ဖြစ်ရခြင်းဟာ သွေးလည်ပတ်စီးဆင်းမှုမှာ ပြဿနာရှိတာကြောင့် ဖြစ်ပါတယ်။ ဒီလို မျက်ကွင်းညိုတာတွေအတွက်လည်း ကောင်းမွန်တဲ့ Skin Care တွေ သုံးလို့ရသလို ရေခဲတုံးလေးတွေ ကပ်ပေးတာမျိုးလည်း လုပ်လို့ရပါသေးတယ်။ ရေခဲတုံးသေးလေးတွေ ပြုလုပ်တဲ့အခါမှာ ရေခဲပြုလုပ်မယ့် ရေထဲကို နွားနို့လေး နည်းနည်းလောက် ထည့်ပေးပါ။ နွားနို့နည်းနည်း ပါဝင်တဲ့ ရေခဲတုံးလေးရပြီဆိုရင်တော့ ရေခဲတုံးကို ပလတ်စတစ် ဒါမှမဟုတ် အဝတ်စတစ်မျိုးမျိုးနဲ့ ထုပ်ပြီး မျက်ကွင်းညိုတဲ့ နေရာတစ်ဝိုက်မှာ ကပ်ထားပေးပါ။ အေးလာတဲ့အထိပဲ ရပါတယ်။ဒီလိုလေး လုပ်ပေးမယ်ဆိုရင် မျက်ကွင်းညိုတာ သက်သာစေမှာပါ။

**(၂) အရေးအကြောင်း**

အသက်အရွယ်အရ အရေးအကြောင်းဖြစ်လာတာကို ရှောင်လွှဲလို့ မရပေမယ့် အရွယ်မတိုင်ခင်ကတည်းက အရေးအကြောင်းတွေ မဖြစ်အောင်တော့ လုပ်ဆောင်လို့ ရနိုင်ပါတယ်။ ဒီအတွက် ရေခဲက စွမ်းဆောင်နိုင်ပါတယ်။ မျက်နှာကို ရေကျက်သီးနွေး ဒါမှမဟုတ် ရေအေးလေးသုံးပြီးတော့ မျက်နှာသစ်လိုက်ပါ။ ပြီးရင်တော့ ရေခဲတုံးလေးတွေကို အဝတ်စနဲ့ထုပ်ပြီး အရေးအကြောင်းရှိတဲ့ နေရာတွေမှာ ညင်ညင်သာသာလေး ရွှေ့လျားပေးပါ။ တစ်ပတ်ကို နှစ်ကြိမ်လောက်ဆိုရင်တောင် သိသာပါတယ်။

**(၃) မိတ်ကပ်**

မိတ်ကပ်ကိုတစ်နေကုန် မျက်နှာမှာ ရှိနေစေချင်တယ်ဆိုရင်တော့ ရေခဲသုံးလို့ ရပါသေးတယ်။ အောက်ခံမိတ်ကပ်မလိမ်းခင်မှာ Primer လိမ်းကြသလိုမျိုးပါပဲ မိတ်ကပ်မလိမ်းခင်မှာ ရေခဲကို မျက်နှာမှာ ကပ်ထားပေးပါ။ ဒီလို လုပ်ပေးတာက ချွေးပေါက်တွေကို ကျဉ်းစေပြီး အဆီမပြန်စေတာမို့ မိတ်ကပ်ကွက်ခြင်း၊ ပျက်ခြင်းမရှိဘဲ တစ်နေကုန်လှပနေမှာပါ။

**(၄) မျက်နှာအဆီပြန်ခြင်း**

မျက်နှာအဆီတဝင်းဝင်းဖြစ်လို့ မလှဘူး ထင်နေရင်တော့ အဆီပြန်ခြင်းတွေကို နှုတ်ဆက်လိုက်ဖို့ ဝန်မလေးသင့်ပါဘူး။ အဆီပြန်တဲ့ အသားအရေက ဝက်ခြံလည်း ဖြစ်စေနိုင်ပါတယ်။ ရေခဲတုံးလေးတွေကိုထုပ်ပြီး မျက်နှာမှာ ကပ်ပေးပါ။ အထူးသဖြင့် T-zone မှာပါ။ ခပ်အေးအေးလေးဖြစ်တဲ့အထိ ကပ်ထားပေးပါ။ ဒါဆိုရင် အဆီပြန်ခြင်းတွေ ကင်းဝေးမှာပါ။ အကယ်လို့ မျက်နှာကို စိုစိုအိအိလေး ဖြစ်ချင်တယ်ဆိုရင်တော့ အစိုဓာတ်ထိန်းပေးတဲ့ ခရင်မ်လိမ်းပေးပါ။

သတိထားရမှာက သိပ်အေးလွန်းရင်တော့ မျက်နှာ စပ်ဖျင်းဖျင်းဖြစ်တာ၊ ယားယံတာ၊ အသားခြောက်တာတွေ ဖြစ်လာနိုင်ပါတယ်။

**(၅) ဝက်ခြံနဲ့ အမာရွတ်**

ရေခဲကတော့ ဝက်ခြံကြောင့် ရောင်ရမ်းတာတွေနဲ့ ဝက်ခြံထပ်မထွက်စေဖို့ စွမ်းဆောင်အပေးနိုင်ဆုံး ပစ္စည်းပါပဲ။ ပြင်ပဒဏ်ရာကြောင့်ဖြစ်တဲ့ အမာရွတ်တွေကိုလည်း ပျောက်စေပါတယ်။ သတိထားရမှာကတော့ ဝက်ခြံက ဘက်တီးရီးယားတွေကြောင့် ပြည်တည်သလို အဆန်ဖြူဖြူတွေရှိနေပြီး ရောင်ရမ်းနေတယ်ဆိုရင် ရေခဲကပ်တဲ့အခါမှာ အထူးသတိထားပါ။ ဝက်ခြံအတွက် ရေခဲကပ်မယ်ဆိုရင်တော့ ကြာချိန်တစ်မိနစ်ထက် မပိုပါစေနဲ့နော်။ တစ်မိနစ်လောက် ကပ်ပြီးတဲ့အခါမှာ ကိုယ်နဲ့တည့်တဲ့ အဆီလေး တစ်မျိုးမျိုး လိမ်းထားတာမျိုး လုပ်နိုင်ပါတယ်။

အခုဆိုရင် ရေခဲက ပေးစွမ်းနိုင်တဲ့ အလှအပတွေကို သိရပြီဆိုတော့ မျက်နှာလေး လှပသွားအောင် အိမ်မှာ လုပ်ကြည့်ဖို့ တိုက်တွန်းလိုက်ပါတယ်နော်။ (Credit to Internet)

**Dasiy**





## မိုးရာသီမှာ ပေါင်းစပ်အသားအရေပိုင်ရှင်များ သတိထားရမယ့်အချက်များ

ပူအိုက်စိုစွတ်တဲ့မိုးရာသီမှာ ပါးနှစ်ဖက်မှာ အသားခြောက်တတ်ပြီး၊ နှာခေါင်းတစ်ဝိုက် T-zone တွေမှာ အဆီပြန်တတ်တဲ့ ပေါင်းစပ်အသားအရေပိုင်ရှင်များ (Combination Skin Types) တွေက အသားအရေထိန်းသိမ်းမှုအပိုင်းမှာ သတိထားဖို့လိုအပ်ပါတယ်။ မိုးရာသီမှာက ပူလိုက်၊ အေးလိုက်၊ စိုလိုက်၊ လေပြင်းတိုက်လိုက်စသည်ဖြင့် အမျိုးမျိုးပြောင်းလဲနေတာကြောင့် ခြောက်သွေ့ပြီးအဆီပြန်တဲ့ ပေါင်းစပ်အသားအရေပိုင်ရှင်တွေအတွက် လိမ်းလိုက်ရင် ပေါ့ပေါ့ပါးပါးရှိတဲ့ moisturizer တွေ အသုံးပြုဖို့ လိုပြီး မျက်နှာပေါင်းတင်တဲ့အခါမှာလည်း ရွှံ့စေး Masks ကို T-zone မှာ အသုံးပြုပေးဖို့ လိုပါတယ်။ ပေါင်းစပ်အသားအရေပိုင်ရှင်တွေအနေနဲ့ မျက်နှာတစ်ပြင်လုံးရဲ့ အသားအရေကို ကျန်းမာမျှတအောင် ဂရုစိုက်ပေးသင့်ပြီး ထိခိုက်လွယ်တဲ့ အသားအရေတွေမှာဆို အခုလို မိုးတွင်းရဲ့ စိုစိုစွတ်စွတ်လေထုနဲ့ ပတ်ဝန်းကျင်ကြောင့် ယားယံခြောက်သွေ့ပြီး ဓာတ်မတည့်တာတွေ ပိုဖြစ်နိုင်ပါသေးတယ်။ ဒါကြောင့်မို့ အသားအရေ အမျိုးအစားအားလုံးအတွက်ဆို အနံ့နဲ့ Alcoholr ပါဝင်တဲ့ Skincare ပစ္စည်းတွေကို ဦးစားပေး ရွေးချယ်အသုံးပြုသင့်ပြီး အထိအခိုက်မခံတဲ့ အသားပိုင်ရှင်များအတွက်ဆို ကျွမ်းကျင်ရာ ဆရာဝန်နဲ့ စမ်းသပ်ပြသဖို့ လိုပါတယ်။

အရေးကြီးဆုံးအနေနဲ့ ကိုယ့်အသားအရေက ဘယ်လိုအမျိုးအစားဆိုတာ စစ်ဆေးသိရှိထားမှသာ မိုးရာသီကြောင့် ဖြစ်လာနိုင်တဲ့ မျက်နှာအသားအရေပြဿနာတွေကို ကြိုတင်ကာကွယ်ထားနိုင်မှာပါ။ အဆီပြန်သူများအတွက် မျက်နှာကို ထူထူပိန်းပိန်းမဖြစ်ဘဲ ပေါ့ပေါ့ပါးပါးရှိစေတဲ့ ရေဓာတ်ဖြည့်ပစ္စည်းတွေကို အသုံးပြုသင့်ပြီး အသားခြောက်သူများအတွက်ဆို ချွေးပေါက်မပိတ်စေတဲ့ အသားအရေအားဖြည့်ပစ္စည်းအသုံးပြုရင်း နေပူပူ၊ မိုးရွာရွာကျန်းမာတောက်ပတဲ့ မျက်နှာအသားအရေလေးတွေ ပိုင်ဆိုင်ကြစေဖို့ ခုလို အကြံပြုလိုက်ပါတယ်နော်။

**Dasiy**

0-0-0-0-0

## နေရောင်ဒဏ်ကြောင့် ဆံသားမပျက်စီးရအောင် သတိထားရမယ့်အချက်များ

ဆံသားခြောက်သွေ့ပျက်စီးစေတဲ့အကြောင်းရင်းထဲမှာ နေရောင်ဒဏ်ကြောင့်လည်း ပါပါတယ်။ ဆံသားထိန်းသိမ်းတဲ့ပစ္စည်းတွေ ဘယ်လောက်ပဲသုံးနေပါစေ နေပူဒဏ်ကို အမြဲခံနေရမယ်ဆိုရင် ဆံသားတွေခြောက်သွေ့ ပျက်စီးနိုင်ပါတယ်။ ဆေးဆိုးထားတဲ့ ဆံပင်တွေမှာဆို နေဒဏ်ကြောင့် ပိုထိခိုက်လွယ်တဲ့အတွက် အရောင်တွေဖျော့တာ၊ ဆံသားတွေ ခြောက်တာတွေ ဖြစ်စေပါတယ်။ နေရောင်ဒဏ်ကြောင့် ဆံသားမပျက်စီးရအောင် ပြုလုပ်ရမယ့် အချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁)ဆိုင်ကယ်၊စက်ဘီးစီးတဲ့အခါမှာ နေပူဒဏ်နဲ့ လေထဲမှ ဖုန်မှုန့်တွေက ဆံသားကို ပျက်စီးစေပါတယ်။ ဒါကြောင့် ဆံပင်ကိုလည်း ဒီတိုင်းချထားတာထက်စာရင် သပ်သပ်ရပ်ရပ်စည်းထားတာ၊ ကျစ်ဆံမြီးကျစ်တာ၊ ဆံထုံးထုံးတာတို့ လုပ်ထားမယ်ဆို နေဒဏ်တိုက်ရိုက်ထိတာကနေ အနည်းငယ်သက်သာစေနိုင်ပြီး ခေါင်းချွေးထွက်တာကိုလည်း သက်သာစေမှာ ဖြစ်ပါတယ်။

(၂) နေအပူဒဏ်ရယ်လို့မှ မဟုတ်ဘဲ နေ့စဉ်အသုံးပြုနေတဲ့ ဆံပင်မှုတ်စက်၊ ပုံသွင်းစက်တွေကလည်း ဆံပင်ကို အနည်းနဲ့အများ ထိခိုက်နိုင်ပါတယ်။ နွေရာသီမှာဆို နဂိုပူရတဲ့အထဲမှာမှ ဆံပင်ကို အပူပေးကောက်လိုက်၊ ဖြောင့်လိုက် အလုပ်များတယ်ဆိုကြောင့် ပူတဲ့ရာသီမှာတော့ အလှအပအနေနဲ့ အပူပေး၊ ပုံသွင်းတာတွေ တတ်နိုင်သလောက် လျှော့ချပြီး မဖြစ်မနေ ပုံသွင်းအပူပေးရမယ်ဆိုရင်လည်း ဆံသားမပျက်စီးရအောင် အပူဒဏ်ကာကွယ်တဲ့ Spray သို့ Organic ပစ္စည်းတွေကို သုံးသင့်ပါတယ်။

(၃)ခေါင်းလျှော်ပြီးရင်လည်း သဘာဝအတိုင်း ခေါင်းသေချာသုတ်ပြီး လေနဲ့ အခြောက်ခံတာမျိုးတွေက ဆံသားကျန်းမာရေးအတွက် အသင့်တော်ဆုံးဖြစ်မှာပါ။ တစ်ခုရှိတာကတော့ ပူတဲ့အတွက် ရေခဏခဏချိုး ခေါင်းခဏခဏလျှော်တဲ့အခါ ခေါင်းလျှော်ရည်တွေကနေ ဦးရေပြားရဲ့ သဘာဝအဆီတွေ ကုန်ခန်းနိုင်သေးတာမို့ တစ်ပတ်မှာ သုံးကြိမ်ထက်ပိုပြီး ခေါင်းမလျှော်ဖို့ အကြံပြုချင်ပါတယ်။ လေမှုတ်စက်ကို အသုံးပြုမယ်ဆိုရင်လည်း လေပူနဲ့မှုတ်တာထက် လေအေးနဲ့ မှုတ်တာက ဆံသားခြောက်သွေ့ပျက်စီးခြင်းကို သက်သာစေပါတယ်။

(၄) နေဒဏ်၊ လေဒဏ်နဲ့ အပူဒဏ်တွေကြောင့် ဆံသားခြောက်သွေ့ပျက်စီးခြင်းကို ပြန်လည်ကောင်းမွန်စေဖို့ ရေဓာတ်ဖြည့်ပေးတဲ့ ခေါင်းလျှော်ရည်၊ ဆံပင်ပျော့ဆေးတို့အပြင် အုန်းဆီ၊ Argan Oil သို့မဟုတ် Shea Butter ပါဝင်တဲ့ ဆံသားထိန်းသိမ်းတဲ့ပစ္စည်းတွေကို ရွေးချယ်သင့်ပါတယ်။ ဆံပင်ပေါင်းဆေးတွေ အသုံးပြုရာမှာလည်း ဆံပင်ပျက်စီးမှုကို ကာကွယ်ပေးပြီး အစိုဓာတ်ထိန်းသိမ်းပေးတဲ့ Proteins နဲ့ သဘာဝအဆီအနှစ်တွေပါဝင်တဲ့ပစ္စည်းတွေ၊ ကိုယ့်ဦးရေပြားနဲ့ ဆံသားအမျိုးအစားကို လိုက်ဖက်သင့်တော်မယ့် ပစ္စည်းတွေကို ရွေးချယ်ပြီး နေဒဏ်ကြောင့် အစိုဓာတ် မကုန်ခန်းသွားစေဖို့ ဂရုပြုပေးပါ။ ဦးရေပြားနဲ့ ဆံသားကို သဘာဝအတိုင်း ကျန်းမာတောက်ပြောင်နေဖို့ အတွက်လည်း အုန်းဆီ၊ သံလွင်ဆီ(သို့မဟုတ်)လာဗန်ဒါဆီတို့နဲ့ နှိပ်နယ်ပေးတာက သွေးလည်ပတ်မှုကောင်းစေပြီး ရေဓာတ်ပြန်လည်ဖြည့်တင်းပေးနိုင်ပါတယ်။

**Dasiy**



## အရုပ်ဆက်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**မိုင်းဆတ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများအား ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ အရုပ်ဆက်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အရုပ်ဆက်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)မှ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်ပေါ်လာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**မောက်မယ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာကြည့်တိုက်သို့ မအားလပ်၍ မလာရောက်နိုင်သော ကျောင်းသား၊ ကျောင်းသူများအား စာပေနှင့်စဉ်ဆက်မပြတ်စေရေး၊ အချိန်မကုန် လူမပန်းဘဲ စာအုပ်၊ စာစောင်များကို အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန် ပိုမိုမြင့်မားလာစေရေးအတွက် ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက စဥ္စဝင်ကျေးရွာအုပ်စု၊ အ.မ.က (နောင်ခမ်း)သို့ တိုင်းရင်းသားရုပ်ပုံ ပုံပြင်စာအုပ်များ ယူဆောင်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းဆိုင်မိုင်က အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်ရန်၊ ဗဟုသုတတိုးပွားစေရေးအတွက် ကျောင်းစာအပြင် ပြင်ပစာအုပ်၊ စာစောင်များကိုပါ လေ့လာဖတ်ရှုကြရန် နယ်လှည့်စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် တိုင်းရင်းသား ရုပ်ပုံ ပုံပြင်စာအုပ်များအား ဖတ်ရှုစေခဲ့သည်။ (အောက်ပုံ)

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများအား ဒုတိယဦးစီးမှူးက လှည့်လည်ရှင်းလင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## ပယ်စဉ်အခါ သင်ယူပါ

* ငယ်စဉ်ခါ လုံ့လအား
ပညာများ ဖွေရှာပါ
ပျားကောင်ငယ် ပမာထား
သုတများစွာ
နီတိများ သိမှတ်ရာ
ပြုအပ်ကာ စဉ်လေးစား
ရည်ရွယ်ရာ ဘဝလမ်း
ဖြောင့်တန်းစေသား ။

* ဉစ္စာကို ခြလိုစ
အခုရော နောင်အခါ
ကြိုးစားရှာ ချွေတာသုံး
ရှေးထုံးစဉ်လာ
ပေးသင့်က ပေးဝေပါ
ယူသင့်တာ ယူလို့ထား
ကိုယ်ချင်းစာ ထိုတရား
မြင့်မြတ်စေသား ။

* လျှောက်လှမ်းရာ ဘဝလမ်း
ရည်ရွယ်မှန်း ရှေ့သို့ချီ
ခက်ခဲတွေ ကျော်ဖြတ်သန်း
အောင်ပန်းဆွတ်မည်
အားမာန်နဲ့ အရင်းတည်
ဇွဲနဲ့ညီ ချီတက်ဆဲ
လောကဓံ ခက်အခဲ
ကျော်လွှားနိုင်မြဲ ။ ။

မြင့်သိန်း(ပညာရေး)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။




## တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဟာကြားဒီပကျေးရွာရှိ ကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်သူများအနေဖြင့် နည်းပညာများကိုရယူ၍ စနစ်တကျ လုပ်ကိုင်နိုင်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းလွင်က မိုးစပါးစိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းကောင်းများနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းကို တိုးချဲ့စိုက်ပျိုးမည့် အခြေအနေများနှင့် စိုက်ပျိုးသီးနှံများ မပျက်စီးအောင် ကျွဲ၊ နွားများကို ခြံလှောင်ခြင်း၊ ထိန်းကျောင်းခြင်းဖြင့် မွေးမြူရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ (အောက်ပုံ)

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်ဇင်မာလွင်က ဒေသခံတောင်သူများအား ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပိုးသတ်ဆေးဖျန်းရာတွင် အသုံးပြုနိုင်ရေး (PPE) ဝတ်စုံနှင့် လက်စွဲကောက်စိုက်စက်ဖြင့် စနစ်တကျ စပါးစိုက်ပျိုးခြင်း နည်းပညာအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၄)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးသောင်းနိုင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၄၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးမောင်(ဘ)ဦးစိန်ရ(၉/မခန(နိုင်)၀၀၄၈၄၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ် စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၀)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ( ၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးမောင်ကို အမည် ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၂၅ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက် ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးကိုလင်း(ဘ)ဦးအောင်ငြိမ်း(၉/ပသက(နိုင်)၀၁၃၈၉၁)နှင့် ဦးသီဟကျော်ကျော်(ဘ)ဦးခင်မောင်သန်း (၉/ပကခ(နိုင်)၀၀၂၇၄၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ် စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၇)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၄၀ × ၆၀) အကျယ်အဝန်းရှိ ဒုတပ်ကြပ် ထွန်းမင်းဦး အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေ ကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နှင်းရီ(ဘ)ဦးမောင်ပု (၁/ကမန(နိုင်)၀၂၁၅၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီ သဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ် စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၅)၊ ဦးပိုင်နံပါတ်(၁၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးဆုလှိုင် အမည်ပေါက်ဂရန်မြေကွက်ကို ယခုရောင်းချသူ ဦးရှောက်လုံ(ဘ)ဦးတွမ်တန်ကျွေ(၁၃/လရန(နိုင်)၁၀၃၆၀၈)ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်၊ နိုကြီတို့ ဖြင့် လက်ရှိလက်ရောက်တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြု ၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီထားပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင် မှုစာချုပ်စာတမ်းမှုရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းဆိုင်ပွဲ(ခ)ဒေါ်ခိုင်စာထွန်း(LL.B)**
**ဒေါ်ချယ်ရီမို့မို့သိန်း(LL.B) ဒေါ်အေးခိုင်ညွှန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၀-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀၊ ၀၉-၂၅၉၀၀၁၀၅၆၊ ၀၉-၄၄၄၀၁၇၆၈၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၄)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာပေ(၄၀× ၆၀)အကျယ်အဝန်းရှိ ဦးမြင့်အောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်းဧရိယာပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ Steel Structure (၂)ထပ်အဆောက်အအုံ(၁)လုံး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန်အမည်ပေါက်သူ ဦးမြင့်အောင်ထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးမြင့်လွင်(ခ)ဦးလီဖန်းဆင်(ဘ)ဦးလောဆန်(၁၃/ကခန (နိုင်)၀၃၅၇၄၁)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမှုရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၆၆)**
**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈၊ ၀၉-၄၃၁၁၅၅၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၇)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာပေ(၄၀× ၆၀)အကျယ်အဝန်းရှိ တသ အေးထွန်း အမည်ပေါက်ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်းဧရိယာပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်း မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန်အမည်ပေါက်သူ တသ အေးထွန်းထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးလှိုင်မင်းထွေး(ဘ)ဦးအီဟွာ(ခ)အေဝမ်း(၁၃/ကမန(နိုင်) ၀၈၁၈၄၉)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမှုရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၆၆)**
**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈၊ ၀၉-၄၃၁၁၅၅၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၄)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာပေ(၄၀× ၆၀)အကျယ်အဝန်းရှိ ဦးဘဝင်း အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်းဧရိယာပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်း မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန်အမည်ပေါက်သူထံမှတစ်ဆင့် အရပ်ကတိ စာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးစိုင်းခမ်းလိတ်(ဘ)ဦးမာနော(၁၃/တယန(နိုင်)၀၂၇၈၅၉)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူ ရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမှုရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၆၆)**
**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈၊ ၀၉-၄၃၁၁၅၅၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်အမှတ်(၈၉-က)၊ ဧရိယာပေ(၀ ဒသမ ၀၁၃၇)ဧကရှိ ဒေါ်သောင်းမြင့် အမည်ပေါက်ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်(၁)လုံး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန်အမည်ပေါက်သူ ဒေါ်သောင်းမြင့်ထံမှတစ်ဆင့် အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးသိန်းရွှေ(ခ)ဂျူးချောင်(ဘ)ဦးလှရှင်(၉/အမရ(နိုင်)၀၄၅၄၁၆)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူ ရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမှုရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၆၆)**
**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈၊ ၀၉-၄၃၁၁၅၅၂၈**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဟုမ္မလင်းမြို့နယ်၊ ခူပဲဝရပ်ကွက်နေ ဦးစောဝဏ္ဏ(ဘ)ဦးကျော်တင့်(၉/အမရ(နိုင်)၀၆၅၉၇၆)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းနိုင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးစောဝဏ္ဏက အမရပူရမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂-၁၂-၂၀၁၆)ရက်စွဲပါ အထွေ ထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၁၂/၂၀၁၆)ဖြင့် ဦးဝင်းနိုင်ဦး(ဘ)ဦးကျော်တင့်(၉/အမရ(နိုင်)၀၆၅၉၅၃)ကိုင်ဆောင်သူသို့ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းအား ပြန်လည်ရုပ်သိမ်းပါသည်။ ယနေ့အချိန်မှစ၍ ဦးဝင်းနိုင်ဦးသည် ဦးစောဝဏ္ဏ၏ကိုယ်စား မည်သည့်ကိစ္စရပ်ကိုမျှ ဆောင်ရွက်ခွင့်မရှိကြောင်း ဦးဝင်းနိုင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးစောဝဏ္ဏ**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းယုလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၅၂/ ၂၂-၁၁-၂၀၁၂)**
**ပေါက်ပေါက်တန်းရပ်၊ ကျန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-792828611, 09-441018224**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၀)၊ ဦးပိုင်အမှတ်(၃၂)၊ ၆၄လမ်းနှင့် ၆၅ လမ်းကြား၊ ၁၃၅ လမ်းနှင့် ၁၃၆လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ(ခင်ပွန်း)ဦးမြင့်ဦး ကွယ်လွန်၍ ကျန်ရစ်သူ(ဇနီး)ဒေါ်မော်လီဝင်း(၅/စကန(နိုင်)၁၃၅၁၈၀)က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

❖ ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု (Global Disruptions) များကြောင့် ဖြစ်လာနိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစပ်မှု ( Regional Economic Integration) များကို လုပ်ဆောင်ရန်လို...

❖ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်( Supply Chains) များကို အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနား ကျင်းပ



ရန်ကုန် ဩဂုတ် ၁၂

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က မင်္ဂလာဆီမီးထွန်းညှိပြီး အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ အခမ်းအနားသို့တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ဒုတိယသံအမတ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့အား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်း ပေးအပ်ကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များ၊ အိန္ဒိယနွယ်ဖွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော် ဟိုတယ်ဇုန်(၁)အတွင်းရှိဟိုတယ်များ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်(၁) ရာဇသင်္ဂဟလမ်းမကြီးရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် ဧည့်သည်လက်ခံ၍ ဝန်ဆောင်မှုပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်း၍ မြင်ကွင်းပသာဒကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ဟိုတယ်အခန်းများ အတွင်း ဧည့်သည် အသုံးအဆောင်ပစ္စည်းများ ပြည့်စုံအောင်စီစဉ်ထားရှိရန်၊ အရေးပေါ်ထွက်ပေါက်ပြ သတိပေးဖော်ပြချက်များ မြင်သာသည့်နေရာတွင်ထားရှိရန်၊ ဧည့်သည်များအား အရည်အသွေးကောင်းသော ဝန်ဆောင်မှုပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ဟိုတယ်များပြန်လည်တည်ဆောက်ပြုပြင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး ဟိုတယ်ဝင်းအတွင်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် တပ်ဆင်သုံးစွဲနိုင်ရေး ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်

## အရှေ့တောင်အာရှချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာနှင့် ဖိလစ်ပိုင်တို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဩဂုတ် ၁၂

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဩဂုတ် ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ) ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံးအနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ရန် အခြေအနေကောင်းလျက်ရှိသည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ) နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၁၃ရက် ည ၇နာရီတွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံး ပြိုင်ပွဲ (အုပ်စု-ခ) နောက်ဆုံးပွဲစဉ်အား MRTV Entertainment Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀

